# ကြေးမုံ
**The Mirror**

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (11-12-2008) (၅၈၈၉)


**ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ**

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဒီဇင်ဘာ　　၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံမွေးမြူရေးစခန်းသို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ဥစားကြက် အဆင့်မြင့်မွေးမြူရေးခြံ ခြံတာဝန်ခံက ဥစားကြက်မွေးမြူထားမှု၊ ကြက်ချေးမှ ဇီဝဓာတ်ငွေ့ထုတ်ယူပြီး လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေါက်တာမျိုးသန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကြက်ချေးမှ ဇီဝဓာတ်ငွေ့ထုတ်ယူသည့်ကန်၊ ဇီဝဓာတ်ငွေ့သန့်စင်မှုစနစ်၊ ဇီဝဓာတ်ငွေ့ဖြင့် 30 KVA မီးစက်မောင်းနှင်ပြီး ကြက်ခြံအတွင်း လျှပ်စစ် ဓာတ်အား အသုံးပြုနိုင်ရန် ဆောင်ရွက်ထားမှု၊ဥစားကြက်များမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသောရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ ဧက ၂၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တပ်ရင်းမှူး ဗိုလ်မှူးအောင်အောင်က စိုက်ပျိုးပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ၂နာရီတွင်လှည်းကူးမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန် (၁)ရှိ ဦးဝင်းနိုင်၏ ခြံသို့ရောက်ရှိကြပြီး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မုန်လာဥ၊ ချဉ်ပေါင်နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းပေါ်မှ ဒေသအကျိုးပြု တံတားကြီးနှစ်စင်း






## သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ကလေး-ဝင်းသူ

ကျွန်တော်သည် မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းသစ်ကြီး ဖောက်လုပ်ပြီးနောက် ထိုလမ်းမသစ်ကြီးပေါ်မှ မှန်လုံအမြန်ယာဉ်စီးပြီး ခရီးသုံးခေါက် သွားခဲ့ဖူးသည်။ အဆိုပါလမ်းသစ်ကြီး ဖြတ်သန်းရာ ဒေသကား မင်းကင်းမြို့နယ်မှ တောင်တွင်းချောင်ဒေသဖြစ်သည်။

အရှေ့အနောက် ကိုးမိုင်၊ တောင်မြောက် မိုင် ၃၀ ကျယ်ဝန်းသော တောင်တွင်းချောင်ဒေသကို အရှေ့ဘက်က ပေ ၁၂၀၀ မြင့်သော ရွှေသမင်တောင်တန်းကြီးနှင့် အနောက်ဘက်က ပုံညာတောင်တန်းကြီးနှစ်သွယ်က တံတိုင်းကြီးသဖွယ် ပိတ်ဆီးကာရံထားသည်။ ယခင်က သွားစရာဟူ၍ ခြေကျင်လမ်း၊ လှည်းလမ်းကလွဲ၍ ဘာမျှမရှိ။ ကားလမ်းမပေါက်သည့် သွားလာရေးခက်ခဲသော ဒေသတစ်ခုဖြစ်ခဲ့သည်။ ထိုတောင်တွင်းချောင်ဒေသ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

**မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းပေါ်ရှိ ဒေသဖွံ့ဖြိုးရေး အကျိုးပြု ချင်းတွင်းတံတား(မုံရွာ)***(အပေါ်ပုံ)* **နှင့် မြစ်သာတံတား (ကလေးဝ)** *(ဝဲပုံ)* **တို့ကို လှပခံ့ညားစွာ တွေ့ရစဉ်။**

အတည်ပြုချိန် ၂း၀၀

ကြေးမုံ The Mirror
၁၁-၁၂-၂၀၀၈
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သဘာဝနေရောင်ခြည်စွမ်းအင်ရယူ နံနက်ခင်းကိုယ်လက်လှုပ်ရှား နေ့စဉ်လမ်းလျှောက်

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုသည်။

လူတိုင်းလူတိုင်း အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး အလေးထားကြရမည်ဖြစ်သည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်ထဲရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။ ဗီတာမင်ဒီသည် အရိုးနှင့်အဆစ်များကို သန်စွမ်းစေသည်။ ထို့အပြင် ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲတွင် ဟော်မုန်းအသွင် ပြောင်းလဲ၍ ပုံမှန်ဆဲလ်များ၏ ကြီးထွားမှုကို ထိန်းသိမ်းပေးပြီး ပုံမှန်မဟုတ်သော ဆဲလ်များပွားများခြင်းကို တားဆီးပေးသဖြင့် ကင်ဆာရောဂါ ဖြစ်ပွားမှုကိုလည်း တားဆီးပေးကြောင်းသိရသည်။

ဗီတာမင်ဒီ လုံလောက်စွာရရှိခြင်းဖြင့် နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့်သွေးဖုံးရောဂါ ဖြစ်ပွားခြင်းတို့ကိုပါ ကာကွယ်တားဆီးပေးနိုင်သည်။ ထို့ကြောင့် ကိုယ်ခန္ဓာအတွက် လုံလောက်သော ဗီတာမင်ဒီ ရရှိစေရန် နံနက်ပိုင်း၌ ၁၅မိနစ်ခန့် နေပူစာလှုံသင့်သည်။

ယခုအချိန်သည် ဆောင်းရာသီဖြစ်ရာ နံနက်ခင်းတိုင်း လမ်းလျှောက်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်သင့်သည်။ လမ်းလျှောက်ခြင်းကြောင့် စိတ်ကြည်လင်လန်းဆန်းစေပြီး အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေသည့်အပြင် ခန္ဓာကိုယ် အဝမလွန်စေရန်လည်း ထိန်းသိမ်းထားနိုင်သည်။

လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှသုံးနာရီအထိ ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းများ နေ့စဉ်မှန်မှန် ပြုလုပ်ပေးခြင်းဖြင့် နှလုံးထိခိုက်ခံရမှုမှ လျော့နည်းနိုင်သည်။ နှလုံးနှင့် အဆုတ်အား ပိုမိုကောင်းမွန်စေမည် ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း နံနက်ခင်း လေကောင်းလေသန့်ကို ရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် ပုံမှန်လမ်းလျှောက်ကြခြင်းဖြင့် သဘာဝနေရောင်ခြည်စွမ်းအင်မှ ဗီတာမင်ဒီ လုံလောက်စွာ ရရှိနိုင်သည့်အပြင် အရိုးအဆစ် ကြွက်သားများလည်း ပိုမိုသန်စွမ်းလာစေပြီး စိတ်ရွှင်လန်းဆန်း ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၂-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေး လူဆာ (အပိုင်း-၃)**
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်တော်တင်တဲ့မင်းသမီး (အပိုင်း-၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား (အပိုင်း -၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# စစ်ကိုင်းတိုင်း ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့်ဇနီး ပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၁၀

**၂၀၀၈ ခုနှစ် စစ်ကိုင်းတိုင်း ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီတွင် မုံရွာမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဇနီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ ကျော်တို့ ပါဝင်ဆင်နွှဲကြပြီး ဗိုလ်ချုပ်ကြေးရုပ်မှ မုံရွာဂေါက်ကလပ်အတွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဇနီးတို့သည် မုံရွာမြို့ သီဟထွန်းခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်း ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက ဂါရဝပြုနှုတ်ဆက်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာကို မုံရွာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားပြီး မုံရွာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးက ရှေးစာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဖွယ်ရာ တင်ပြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းအတွင်းရှိ အသက်(၇၀)နှင့်အထက် အပူဇော်ခံ သက်ကြီးစာပေပညာရှင်များအား တိုင်းမှူးနှင့် ဇနီးတို့က ဂါရဝပြုလက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ပူဇော်ခံသက်ကြီး စာပေပညာရှင် အမျိုးသားစာပေဆုရ ဆရာကြီး ဦးအုံးမောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရုံးလုပ်ငန်းမွမ်းမံရက်တိုသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၀

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ကျင်းပသည့် ရုံးလုပ်ငန်း မွမ်းမံရက်တိုသင်တန်း အမှတ်စဉ်(၂/၂၀၀၈) ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။**

အဆိုပါ သင်တန်းသို့ သင်တန်းသား အရာထမ်း ၁၉ ဦး၊ အမှုထမ်း ၄၁ ဦးတို့ တက်ရောက်ကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် ၂၃၀ KV ကမာနတ်(ပဲခူး)-သန်လျင် မဟာဓာတ်အားလိုင်း တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်နှင့် တာဝါတိုင်အမှတ်(၁၁)၌ တာဝါတိုင် တည်ဆောက်ထားရှိမှုနှင့် ဓာတ်အားလိုင်းကြိုးသွယ်တန်းနေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် 230/33/11KV(60MVA) ကမာနတ် ပင်မဓာတ်အားခွဲရုံ၌ Switch Yard အတွင်း ကမာနတ်(ပဲခူး)-မြောင်းတကာ ဓာတ်အားလိုင်း သွယ်တန်းချိတ်ဆက်ထားရှိမှု၊ ကမာနတ်(ပဲခူး)-သန်လျင် ဓာတ်အားလိုင်းသွယ်တန်းချိတ်ဆက်မည့် အခြေအနေ၊ ထရန်စဖော်မာများနှင့် Power Line Carrier တပ်ဆင်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ ဓာတ်အားခွဲရုံ Control Roomအတွင်း ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိမှု၊ Control Panel Box အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရုံးလုပ်ငန်း မွမ်းမံရက်တိုသင်တန်း အမှတ်စဉ်(၂/၂၀၀၈) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**

(အမှတ်-၂၊ လျှပ်စစ်)

## ရခိုင်သဟာရအသင်း(ရန်ကုန်)အပန်းဖြေခရီးထွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရခိုင်သဟာရအသင်း (ရန်ကုန်)၏ အပန်းဖြေခရီးစဉ်ကို ဒီဇင်ဘာ၂၆ ရက်(သောကြာနေ့)ညတွင် ထွက်ခွာ၍ ဒီဇင်ဘာ၂၉ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉ ၅၁ ၂၆၄၈၉၊ ဦးမျိုးဆွေ ဖုန်း-၀၉ ၈၇၂ ၁၇၂၆(ဟိုင်းကြီး)၊ ဦးဇော်အေးမောင် ဖုန်း-၀၉၈၅၀၁၆၈၆(ဟိုင်းကြီး)၊ ဦးဘိုးတင် ဖုန်း-၀၉၅၀၀၆၉၂၆၊ ဦးထွန်းနိုင် ဖုန်း-၀၉၅၀၁၃၈၈၇၊ ဦးလှမောင်သိန်း ဖုန်း-၀၉၅၁၃၉၇၉၀၊ ဦးကျော်နိုင် ဖုန်း-၀၉၅၀၀၁၉၆၄၊ ဦးမြင့်ကျော် ဖုန်း-၀၉၅၀၆၄၆၅၃၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉၅၀၂ ၁၄၃၂၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉၅၀၅၈၁၃၆၊ ဒီဒီးစားသောက်ဆိုင် ဖုန်း-၅၁၀၈၉၈၊ ဆွေဒီစားသောက်ဆိုင်(တာမွေရဲစခန်းရှေ့)၊ သဟာရအသင်းရုံးခန်း၊ မင်းလမ်းရခိုင်မုန့်တီနှင့် ပင်လယ်စာဆိုင်များ ဖုန်း-၀၉ ၅၀၂၅၁၁၀ တို့၌လက်မှတ်များ ဝယ်ယူစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမက(၄) ဒေါပုံ၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည် ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပရာ ဆုရရှိသော စတုတ္ထတန်းကျောင်းသူ မခိုင်ခိုင်ဖြိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီ ဆုချီးမြှင့်စဉ်။** (၅၄၂)

## မုတ္တမအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် မုတ္တမအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါ်ကျင်အေး (ကျောင်းအုပ်ဆရာမကြီး) မုတ္တမအထက၊ ဦးစိုးအောင် ဖုန်း-၀၅၇-၂၄၃၉၃၊ ဦးစိုးမော် ဖုန်း-၀၉၈၇၀၂၀၂၅၊ ဦးမောင်လန်း(ပေါင်) ဖုန်း- ၀၉၅၃၂၂၀၃၆၊ ဒေါ်မြညွန့်ရည်(ကျောင်းအုပ်ကြီး) (အထက၊ ကျွဲဝမ်း) ဖုန်း-၀၅၇-၂၂၇၃၆၊ ဦးမျိုးမြင့် ဖုန်း-၀၁-၅၃၄၈၀၆၊ ဦးကိုကိုကြီး ဖုန်း-၀၉၅၀၁၀၃၈၆၊ ဦးသိန်းဝင်း ဖုန်း-၀၉၅၀၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း-၀၁-၂၀၀၁၃၅၊ ဦးစိုးဝင်း ဖုန်း- ၀၉၅၁၁၃၁၅၉၊ ဦးကျော်ကျော်ဦး ဖုန်း-၀၉၅၀၀၇၅၇၃၊ ဦးတင်မောင် ဖုန်း-၀၉၅၀၆၂၈၂၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**✱ ရှေ့ဖုံးမှ**

ဘူးစိုက်ခင်းကိုလည်းကောင်း၊ ဇုန်(၂)ရှိ ဦးကျော်ဇင်သိန်း၏ ခြံ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ပီလောပီနံစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်(၂) စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိပြီး ဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ခြံပိုင်ရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဇုန်အလိုက်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီမံခန့်ခွဲရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာရှိ ငါးဆူတောင် ဝက်မွေးမြူရေးခြံသို့ရောက်ရှိကြပြီး ဝက်များ စနစ်တကျ မွေးမြူထားရှိမှုနှင့် ဝက်ချေးမှ ထုတ်လုပ်သည့် ဇီဝဓာတ်ငွေ့ထုတ်ကန်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်(၃)ရှိ Green Land Farm သို့ရောက်ရှိကြရာ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာအောင်ကြီးနှင့် ညွှန်ကြားရေးမှူး (စီမံ) ဒေါက်တာအုန်းကျော်တို့က ရန်ကုန်တိုင်း၏ ဝက်မွေးမြူမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စိုက်ပျိုးမွေးမြူထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။(သတင်းစဉ်)

## ပဲခူးမြို့ ရွှေအောင်ရွေး စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပဲခူးမြို့ ရွှေအောင်ရွေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်)၊ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (တနင်္လာနေ့) တွင် ကျင်းပမည်ဖြစ်သည်။

စေတီတော်ကြီးအား အရုဏ်ဆွမ်း၊ သစ်သီး၊ မုန့်ပဲဘောဇဉ်ချိုချဉ်တို့ဖြင့် ဆက်ကပ်ခြင်း၊ ညနေ ၃ နာရီတွင်သံဃာတော်အပါး ၁၅၀၊ သီလရှင်အပါး ၁၀၀၊ အလှူခံပုဂ္ဂိုလ် ၂၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ညနေ ၆ နာရီတွင် ဆီမီးတစ်ထောင်ပူဇော်ခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။

သာသနာ့ဗိမာန်နှင့်ပေါင်းစပ် ရွှေအောင်ရွေးကုန်းတော်အင်္ဂါထောင့်တွင် တည်ဆောက်နေသော ပဲခူး မြန်မာ့ဘာသာရေးကျက်သရေဆောင် အဆောက်အအုံအတွက် လှူဒါန်းလိုသူများသည် အမိုးသွပ်တစ်ချပ်လျှင် မိုးပြီးငွေကျပ် ၁၃၂၀၀ ဖြင့် လည်းကောင်း၊ ဘိလပ်မြေတစ်အိတ်လျှင် တည်ဆောက်ပြီးငွေကျပ် ၆၀၀၀ဖြင့်လည်းကောင်း ဂေါပကရုံးသို့ နံနက်၁၀နာရီမှ ညနေ ၃ နာရီအတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဂေါပက ဖုန်း-၀၅၂-၂၂၉၂၃၊ ဩဝါဒါစရိယ ဆရာတော် ဖုန်း-၀၅၂-၂၁၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့်စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏ အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ-၂၈)



## ဥစားကြက် မွေးမြူထားရှိမှု ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံမွေးမြူရေးစခန်းတွင် ဥစားကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြန်မာ့အထည်အလိပ်လုပ်ငန်း စက်ရုံစီမံကိန်းများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဒီဇင်ဘာစရက် နံနက်ပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ(စီမံကိန်း)သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ရက်အတွင်း စက်ရုံဖွင့်လှစ်နိုင်ရေးနှင့် စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားကြရန် မှာကြားသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ဆားတောင်ရွာအနီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ ကုန်းတွင်းနေလှန်းဆား ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်းတွင်း ဆားထုတ်လုပ်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာတောင်သူ ဦးတင်မြိုင်၏ နေအိမ်၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုး တပ်ဆင်အသုံးပြုမှုနှင့် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု ရွာရှည်ရွာရှိ တောင်သူဦးသောင်းလွင်၏ နေအိမ်၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုး တပ်ဆင်အသုံးပြုမည့် အခြေအနေတို့ကို ကြည့်ရှုအားပေးပြီး ကျေးရွာမီးလင်းရေး ဆိုင်ရာများကို စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံ(စီမံကိန်း)သို့ ရောက်ရှိပြီး ပင်မစက်ရုံ၌ အသုံးပြုမည့် ကုန်ကြမ်းငွေချည်(၆)ချည်မျှင်ရှည်ဝါ နမူနာနှင့် တပ်ဆင်ပြီးစီး၍ စက်များလည်ပတ်မောင်းနှင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အမီ စက်ရုံအမြန်ဆုံး ဖွင့်လှစ်နိုင်



ရေးနှင့် စက်ရုံပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးဌာနကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည် တစ်ခါသုံး ဆေးထိုးအပ်များ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စစ်ဆေးထုပ်ပိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး GMP စနစ်နှင့်အညီ ထုတ်လုပ်ကြရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးအိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ရောက်ရှိပြီး ကုန်ထုတ်လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးကောင်းမွန်သည့် ပြည်ပသွင်းကုန်အစားထိုးပစ္စည်းများအဖြစ် တိုးတက်ထုတ်လုပ်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံများနယ်မြေ(ကျောက်ဆည်)ရှိ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၊ စက်ဘီးစက်ရုံ(ကျောက်ဆည်)နှင့်မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း အပ်ချုပ်စက်ခေါင်းစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ညနေပိုင်းတွင်ဝန်ကြီးသည်စဉ့်ကိုင်မြို့၌ ဖွင့်လှစ်သည့် ဝါဝယ်ယူရေးဌာနသို့ ရောက်ရှိပြီး ငွေချည်(၆) ဝါများဝယ်ယူမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပျော်ဘွယ်မြို့နယ် ဆားတောင်ရွာအနီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကုန်းတွင်း နေလှန်းဆား ထုတ်လုပ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(စက်မှု-၁)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “ဝိဇ္ဇာစောင့်ရှောက် အို-နာ-သေဘေးပျောက်”တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇း၅၅ - ၁း၅၅ | နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ |
| ၈း၂၀ - ၂း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ - ၂း၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀ - ၂း၅၀ | နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (အပိုင်း-၁) |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | ရတနာပုံဆိုက်ဘာစီးတီး၏ဖွံ့ဖြိုးတိုးတက်နေမှုများ |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | ထင်ရှားဖူးမြော်မွေတော်ကက္ကူစေတီတော် |
| ၁၀း၁၀ - ၄း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ - ၄း၁၅ | အမွန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊နှင်းဥ၊မေနံ့သာခင်၊စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်) |
| ၁၀း၄၀ - ၄း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅ - ၄း၄၅ | ရွှေတောင်မြို့မှစည်းလုံးချည် |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၁း၂၅ - ၅း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၃၅ - ၅း၃၅ | အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ |
| ၁၁း၄၅ - ၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ “အကယ်ဒမီရှော့” |
| ၁၂း၁၅ - ၆း၁၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ လတ်လတ်နှင့်တွေ့ဆုံခြင်း) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Toyota Cup ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၀၀ | Adelaide-Waitakere | STAR SPORTS (Live) |



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် မော်တော်ကားတစ်စီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ စီးနင်းမှုနှင့် သက်ဆိုင်သောအဖွဲ့ ခေါင်းဆောင်အား ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များ ဖမ်းဆီး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်မှုတွင် တာဝန်ရှိသည်ဟု စွပ်စွဲခံရသော တရားမဝင်အဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်အား ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးလိုက်ကြောင်း ဒေသခံမီဒီယာသတင်းက ဒီဇင်ဘာ ၈ ရက်၌ ဖော်ပြသည်။

လူပေါင်း ၁၈၀ နီးပါး သေဆုံးပြီး ၃၀၀ကျော် ဒဏ်ရာရရှိသည့် အကြမ်းဖက်မှုလုပ်ရပ်တွင် ပါကစ္စတန်နိုင်ငံရှိ လရှ်ကာ-အီး-တာဘာအဖွဲ့တွင် တာဝန်ရှိသည်ဟု အိန္ဒိယနိုင်ငံကစွပ်စွဲထားသည်။

ထိုအဖွဲ့အစည်းသည် ၂၀၀၂ ခုနှစ်တွင် တရားမဝင်ကြောင်း ကြေညာခံရပြီး နောက်ပိုင်း ဂျမတ်-အူ-ဒါဝါအဖွဲ့ဟူသောအမည်ဖြင့် ရပ်တည်လှုပ်ရှားလာသည်။

ပါကစ္စတန်က ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ မူဇာဖာဘတ်မြို့အနီးတွင် ဒီဇင်ဘာ ၇ ရက်က ပါကစ္စတန်စစ်ဘက်မှ စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲပြီးနောက် အဆိုပါ အဖွဲ့၏ ခေါင်းဆောင် ဇာကီအူရ်ရီဟမ်လစ်ဗီကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း ဂျီအိုရုပ်သံသတင်းဌာနက ကြေညာသည်။

မွမ်ဘိုင်းအကြမ်းဖက်မှုဖြစ်ပွားစဉ်က အဖမ်းခံရသူသေနတ်သမားက ၎င်းတို့အဖွဲ့အား လစ်ဗီက စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်းအစစ်ခံခဲ့သည်ဟုဆိုသည်။ လရှ်ကာ-အီး-တာဘာအဖွဲ့ရှိရာနေရာကိုစစ်ဆင်ရာ၌စစ်ဘက်တပ်ဖွဲ့များသည် ရဟတ်ယာဉ်ပစ်ကူနှင့် စစ်ဘက် မော်တော်ယာဉ်အများအပြားကိုအသုံးပြုခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အင်တာနက်။**



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးအား ဆေးရုံသို့တင်ပို့နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်နိုင်ငံ၏ မငြိမ်သက်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ဟု မက်ကိန်းပြောကြား

**ကဘူး ဒီဇင်ဘာ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံတွင် အခြေအနေအရပ်ရပ်သည် ကောင်းမွန်လာခြင်းမရှိဘဲ ပိုမိုဆိုးရွားလာနိုင်သည်ဟု အမေရိကန်ဆီနိတ်တာ ဂျွန်မက်ကိန်းက ပြောကြားသည်။

ဝါရှင်တန်သည် အာဖဂန်နိုင်ငံသို့ တပ်ဖွဲ့ဝင်အရေအတွက်ထောင်နှင့်ချီ၍ စေလွှတ်ရန်စီစဉ်လျက်ရှိသည်ဟု ဆိုသည်။

ဂျွန်မက်ကိန်းသည် အာဖဂန်နိုင်ငံတောင်ပိုင်းဟဲလ်မန်ပြည်နယ်သို့ သွားရောက်ခဲ့သည်။ ၎င်းက ထိုနိုင်ငံ၏ အခြေအနေကို အမေရိကန်သမ္မတဖြစ်လာမည့် ဘားရက်အိုဘားမားထံ ပြန်လည်အစီရင်ခံမည်ဖြစ်သည်။

ယခုအခါဟဲလ်မန်ဒေသတွင်တာလီဘန်များနှင့် အမေရိကန်အပါအဝင် နေတိုးတပ်ဖွဲ့များ၏အခြေအနေသည် တစ်ဖက်နှင့်တစ်ဖက် အသာမရသည့် အခြေအနေတွင်ရှိသည်။ အမေရိကန်တို့အနေဖြင့် တာလီဘန်များ အားကောင်းရာ ဟဲလ်မန်ဒေသကို အလေးထား၍ရှင်းလင်းမှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

လက်ရှိအခြေအနေတွင် အာဖဂန်နိုင်ငံ၌ တိုက်ခိုက်မှုအရှိန်အဟုန်သည် မြင့်တက်လျက်ရှိသည်။ လောလောဆယ်တွင် ထိုနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် အင်အား ၃၂၀၀၀ ကို တပ်ဖြန့်လှုပ်ရှားနေသည်။ ယင်းဒေသတွင် တာဝန်ယူထားသော တပ်မှူးများသည် နောက်ထပ် အမေရိကန်တပ်ဖွဲ့အင်အား ၂၀၀၀၀ စစ်ကူပို့လွှတ်ပေးရန် တောင်းခံထားသည်။

**အင်တာနက်။**





## အာဖဂန်နစ္စတန်၌ စစ်သွေးကြွခြောက်ဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဟဲလ်မန်ပြည်နယ်တွင် ဒီဇင်ဘာ ၈ ရက်က အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့ (အေအင်အက်စ်အက်ဖ်)နှင့် နိုင်ငံစုံတပ်ဖွဲ့တို့၏ ပူးပေါင်းထိုးစစ်များကြောင့် စစ်သွေးကြွခြောက်ဦးသေဆုံးကြောင်းနိုင်ငံစုံတပ်ဖွဲ့ကပြောကြားသည်။

ဆန်ကင်ခရိုင်တွင် ဒီဇင်ဘာ ၈ ရက်က ပူးပေါင်းတပ်ဖွဲ့များ ကင်းလှည့်စဉ်တိုက်ခိုက်မှုဖြစ်ပွားရာစစ်သွေးကြွနှစ်ဦး သေဆုံးသည်။ အလားတူ သီးခြားဒေသတစ်ခု၌ ပူးပေါင်းတပ်ဖွဲ့များ ကင်းလှည့်စဉ် တိုက်ခိုက်မှုဖြစ်ပွားရာစစ်သွေးကြွလေးဦး သေဆုံးကြောင်း ယင်းတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ တိုက်ပွဲများတွင် အေအင်အက်စ်အက်ဖ်၊ နိုင်ငံစုံတပ်ဖွဲ့များနှင့်အရပ်သားများသေကျေဒဏ်ရာမရရှိကြောင်း ထည့်သွင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## ဘင်္ဂလားဒေ့ရှ်၌ ယာဉ်မတော်တဆမှုများကြောင့် ၃၁ ဦး သေဆုံးပြီး ၈၆ ဦးဒဏ်ရာရရှိ

**ဒါကာ ဒီဇင်ဘာ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒီဇင်ဘာ ၈ ရက်က ယာဉ်မတော်တဆ ဖြစ်ပွားမှုများကြောင့် ၃၁ဦးသေဆုံးပြီး ၈၆ဦး ဒဏ်ရာရရှိကြောင်း ပုဂ္ဂလိကသတင်းဌာန ယူအင်ဘီက ဖော်ပြသည်။

ဒေသစံတော်ချိန်၈နာရီခွဲက ဒါကာမြို့အနီး အဝေးပြေးလမ်းမ၌ ယာဉ်ငယ်ကို ဘတ်စ်ကားက တိုက်မိမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသည်။ ယင်းနေ့မွန်းလွဲပိုင်းက ဒါကာမြို့ အနောက်မြောက်ဘက် ၉၂ ကီလိုမီတာအကွာရှိ တန်ဂေးခရိုင် ဂျာမနာတံတားအနီး၌ ကုန်တင်ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် ၁၃ ဦးသေဆုံးပြီး ၃၁ ဦးဒဏ်ရာ ရရှိသည်။ အလားတူ တန်ဂေးခရိုင်တွင် ကုန်တင်ယာဉ်နှင့်ဘတ်စ်ကားတို့ထပ်မံတိုက်မိမှုဖြစ်ပွားရာလေးဦးထက်မနည်းသေဆုံးပြီးခြောက်ဦးဒဏ်ရာရရှိသည်။

ဒါကာမြို့အရှေ့တောင်ဘက် ၂၅၉ ကီလိုမီတာအကွာရှိ ခါဂရာချာရီခရိုင်အရှေ့တောင်ဘက်တွင် မွန်းလွဲပိုင်းက ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျမှုကြောင့် အမျိုးသမီးငါးဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရတ်နိုင်ငံ နင်နီးဗား ဒေသတွင် အမေရိကန် ယာဉ်တန်း အတိုက်ခိုက်ခံရသည့် နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## နိုင်ငံတကာသတင်းမှတ်စု

### တရုတ်မှဂျပန်ကားများပြန်လည်သိမ်းဆည်းမည်

တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သော မော်တော်ယာဉ် ၁၂၉၈၅ စီးအား ဘရိတ်မီး ချွတ်ယွင်းချက်များကြောင့် ဂျပန်နိုင်ငံ မစ်ဆူဘစ်ရှိ မော်တော်ကားကုမ္ပဏီက ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ပြန်လည်သိမ်းဆည်းမည့်ယာဉ်များမှာ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၃ ရက်နှင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ ရက်အကြား ထုတ်လုပ်သည့် ဂရင်းဒစ်အမျိုးအစားကား ၆၀၉၀ စီးနှင့် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၇ ရက်နှင့် ၂၀၀၈ ခုနှစ် ဧပြီ ၁၅ ရက်အတွင်းထုတ်လုပ်သည့် အောက်လန်ဒါအီးအိတ်ချ် အမျိုးအစားကား ၆၈၉၅ စီးတို့ ပါဝင်သည်။

### အလုပ်အကိုင်နေရာ ၈၀၀၀ ဆိုနီလျှော့ချမည်

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေချိန်၌ ဆုံးရှုံးမှုလျော့နည်းစေရန် ၂၀၁၀ ပြည့်နှစ်မတ်လအထိ ကမ္ဘာတစ်ဝန်းရှိ အလုပ်အကိုင်နေရာပေါင်း ၈၀၀၀ ခန့်ကို လျှော့ချမည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ဆိုနီကော်ပိုရေးရှင်းက ကြေညာသည်။

အလုပ်အကိုင်နေရာ ၈၀၀၀မှာ ဆိုနီကုမ္ပဏီ၏ ကမ္ဘာ့အလုပ်သမားအင်အား ၄ ရာခိုင်နှုန်းကျော်ရှိသည်။ ယင်းသို့ ပြုလုပ်ပါကတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့် ဆုံးရှုံးမှုသက်သာသွားမည်ဟု မျှော်မှန်းထားသည်။

### ပစိဖိတ်သမုဒ္ဒရာအတွင်း အင်အားပြင်းငလျင်လှုပ်

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကာမာဒတ်ကျွန်းအနီးတွင် ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီ ၃၇ မိနစ်က ရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်သွားကြောင်း ဟောင်ကောင်မိုးလေဝသဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါငလျင်သည် နယူးဇီလန်နိုင်ငံ အောက်လန့်ဒေသ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀၀အကွာကို ဗဟိုပြု၍ ရေပြင်အောက် ၃၅ ကီလိုမီတာ၌ လှုပ်သွားခြင်းဖြစ်သည်။

### ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက် ဘန်နာခရိုင်၌ ဒီဇင်ဘာ ၉ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသည်။ ဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးမှာ ယင်းနေရာ၌ သေဆုံးခဲ့ပြီး အနီးနားတွင် ကစားနေသော ကလေးငါးဦး ဒဏ်ရာရရှိကာ ဆေးရုံသို့ သွားရာလမ်းခရီးတွင် ကလေးတစ်ဦး ထပ်မံသေဆုံးသွားသည်။

### တရုတ်၌ ရေထွက်ပစ္စည်း ထုတ်လုပ်မှုနှစ်စဉ်တိုးမြှင့်

တရုတ်နိုင်ငံ၏ ငါးဖမ်းလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် သုံးရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်လျက်ရှိရာ ယခုနှစ်အတွင်း ပုံမှန်တိုးတက်လျက်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ယခုနှစ် နိုင်ငံတစ်ဝန်း ထုတ်လုပ်ခဲ့သည့် ရေထွက်ပစ္စည်းတန်ချိန်မှာ ၄၈ဒသမ ၉ သန်းရှိရာ လွန်ခဲ့သောနှစ်ထက် ၃ ရာခိုင်နှုန်းကျော် တိုးမြှင့်ခဲ့သည်။

### ဖိလစ်ပိုင်၌ကုန်တင်သင်္ဘောနှစ်စင်းဓားပြတိုက်ခိုက်ခံရ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလ်တန်ကူဒါရတ်ပြည်နယ် ကမ်းရိုးတန်းတွင် ဒီဇင်ဘာ ည ၁၁နာရီခွဲခန့်က ကုန်တင် သင်္ဘောနှစ်စင်းအား ပင်လယ်ဓားပြများက စီးနင်းတိုက်ခိုက်မှုကြောင့် သင်္ဘောသားနှစ်ဦး ဒဏ်ရာရရှိကြောင်း အင်္ဂါနေ့ထုတ် ပြည်တွင်းသတင်းစာများက ရေးသားဖော်ပြသည်။

### အိုင်ယာလန်မှ တင်ပို့သော ဝက်သားများတွင် အဆိပ်ဖြစ်စေတတ်သည့် ဒိုင်အောက်ဆင်းဓာတ်တွေ့ရှိ

အိုင်ယာလန်နိုင်ငံမှ တင်ပို့သော ဝက်သားများတွင် ဒိုင်အောက်ဆင်းဟုခေါ်သော အဆိပ်ဖြစ်စေတတ်သည့် ဓာတ်ကို တွေ့ရ၍ အသားများ မသန့်ရှင်းသောကြောင့် ဥရောပဘုံဈေးအဖွဲ့(အီးယူ)မှ ယင်းအသားများကို သတိထားစောင့်ကြည့်နေရကြောင်း ပြောကြားသည်။

အဆိပ်ဖြစ်စေနိုင်သည့် မသန့်ရှင်းသောဓာတ်များ ဝက်၏အသားများတွင် တွေ့ရသည်ဟု အတည်ပြုခဲ့သည်။ ယင်းသို့ မသန့်ရှင်းသည့်ဓာတ်များ ပါဝင်နေသည့် အသားများ၏ ပြဿနာသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလက စတင်ဖြစ်ပွားခဲ့သည့်အတွက် မသန့်ရှင်းသော အသားများ တင်ပို့ရောင်းချမှုကို ပိတ်ပင်တားဆီးခဲ့ရသည်။

ကြေးမုံ The Mirror

နိုင်ငံခြား သတင်းများ

## အိုဘားမား၏ အချော့အခြောက်မူဝါဒ အီရန်ပယ်ချ

**တီဟီရန် ဒီဇင်ဘာ ၁၀**

အီရန်နိုင်ငံ၏ နျူကလီယား ပြဿနာနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုသမ္မတအဖြစ် ရွေးချယ်ခြင်းခံထားရသော ဘားရက်အိုဘားမား၏ အချော့အခြောက်မူဝါဒကို အီရန်နိုင်ငံက လက်မခံကြောင်း တနင်္လာနေ့က ပယ်ချလိုက်သည်။

အချော့အခြောက်မူဝါဒသည်အသုံးမဝင်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်ကြောင်း၊ လက်ခံနိုင်ဖွယ်ရာ မူဝါဒမဟုတ်သည့်အတွက် မအောင်မြင်နိုင်ကြောင်း၊ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟတ်ဆန်ကွက်ရှိကာဇီကသတင်းထောက်များကို ပြောသည်။ ဆက်လက်၍ ၎င်းက အီရန်နိုင်ငံသည်နျူကလီးယားလုပ်ငန်းစဉ်များကို ရပ်ဆိုင်းမည် မဟုတ်ကြောင်း အလေးအနက်ထား ပြောကြားသည်။

အနောက်နိုင်ငံများက ယူရေနီယံသန့်စင်သောလုပ်ငန်းကို ရပ်ဆိုင်းရန် အကြိမ်ကြိမ် တောင်းဆိုထားသည်။ အီရန်နိုင်ငံက မည်သည့်အခါမျှ ရပ်ဆိုင်းမည် မဟုတ်ဟု အဖြေပေးကြောင်း ကွက်ရှိကာဇီက ပြောကြားသည်။

အိုဘားမားက အန်ဘီစီ၏ တွေ့ဆုံမေးမြန်းခန်းတွင် အီရန်နိုင်ငံအား နျူကလီးယားအစီအစဉ် ရပ်ဆိုင်းရန်အတွက် စီးပွားရေး မက်လုံးပေး၍ ကမ်းလှမ်းရန် စီစဉ်ထားကြောင်း၊ လက်မခံပါက တင်းကြပ်ကြမ်းတမ်းသော အရေးယူမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**သီရိလင်္ကာနိုင်ငံ ဂျဖနာဒေသတွင် တိုက်ပွဲဝင်နေသော သီရိလင်္ကာ တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၈ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန် တိုက်လေယာဉ်ပျက်ကျ၊ လေးဦးသေ

**ဆန်ဒီယာဂို ဒီဇင်ဘာ ၁၀**

အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှ ဆန်ဒီယာဂိုမြို့၏ဆင်ခြေဖုံးရပ်ကွက်အတွင်းသို့လေ့ကျင့်ပျံသန်းနေသောလေယာဉ်တစ်စင်းသည် မထိန်းသိမ်းနိုင်ကာ အိမ်နှစ်လုံးပေါ်သို့ ထိုးကျခဲ့ရာ လေးဦးသေဆုံးသွားကြောင်း၊ လေယာဉ်မှူးမှာ ခုန်ထွက်လွတ်မြောက်ခဲ့ကြောင်းတာဝန်ရှိသူများက ပြောကြားသည်။

ထိုအိမ်များပေါ်သို့ လေယာဉ်ပျက်ကျချိန်တွင် အိမ်အတွင်း၌မိခင်၊ အဖွားနှင့်ကလေးနှစ်ဦးတို့ ရှိနေကြသည်ဟု ဆန်ဒီယာဂိုမြို့တော်ဝန် ဂျာရီစန်ဒါးက ပြောကြားသည်။

လေ့ကျင့်ပျံသန်းရေးအစီအစဉ်အရ ပစိဖိတ်ကမ်းလွန်ရှိ လေယာဉ်တင်သင်္ဘောတစ်စင်းပေါ်မှ ပျံသန်းလာသော အက်ဖ်/အေ-၁၈ဒီ တိုက်လေယာဉ်သည် မရိမ်းတပ်စခန်းအနီးသို့ ရောက်ရှိလာချိန်တွင် စက်ချွတ်ယွင်းမှု ဖြစ်ခဲ့သည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကျူးဘားတက္ကသိုလ်များမှဘွဲ့ရရှိသော ကာရေဘီယန်ကျောင်းသား ၃၀၀၀ ကျော်ရှိ

**ဟာဗားနား ဒီဇင်ဘာ ၁၀**

၁၉၆၁ ခုနှစ်မှစ၍ ကျူးဘားတက္ကသိုလ်များတွင် လာရောက်၍ ပညာသင်ကြားကြသောကာရေဘီယန်ဒေသမှ ကျောင်းသားပေါင်း ၃၀၀၀ ကျော်ဘွဲ့ရကြပြီဖြစ်သည်ဟုကျူးဘားနိုင်ငံခြားရေးဝန်ကြီးက ဒီဇင်ဘာ ၇ ရက်တွင်ပြောကြားသည်။

ကာရေဘီယန်ဒေသမှ ကျောင်းသားပေါင်း ၃၂၇၆ ဦးသည် ၁၉၆၁ ခုနှစ်မှစ၍ ကျူးဘားတက္ကသိုလ်များတွင် ပညာသင်ကြားကြရာ၊ ယင်းတို့အနက်တွင် ဆေးပညာသင်ကြားကြသော ကျောင်းသား ၁၀၄၃ ဦးလည်း ပါဝင်သည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

**တာဝန်ထမ်းဆောင်**

လောလောဆယ်တွင် ကာရေဘီယန်မှ ကျောင်းသား ၃၀၀၀ ခန့်သည် ကျူးဘားတွင် ပညာသင်ကြားလျက်ရှိသည်။ ကျူးဘား၏ ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ကျူးဘားမှ ဆေးဝန်ထမ်း ၈၀၀ ခန့်သည်ကာရေဘီယန်ဒေသရှိတိုင်းပြည်ခုနစ်ခုတွင်သွားရောက်၍ကျန်းမာရေးတာဝန်ထမ်းဆောင်လျက် ရှိကြောင်း သိရသည်။ ***အင်တာနက်။***

## အမေရိကန်တို့ အလုပ်ဖြုတ်မည်ကို စိုးရိမ်ပူပန်နေကြ

**ချီကာဂို ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံမှ စားသုံးသူ သုံးပုံတစ်ပုံသည် ၎င်းတို့၏ အလုပ်အကိုင်တည်မြဲရေးအတွက် စိုးရိမ်ကြောင့်ကြနေကြရသည်။ ထိုသို့ စိုးရိမ်နေကြသူအရေအတွက် တိုးပွားလာခြင်းသည် အဓိကအားလပ်ရက် ကာလများအတွင်း ဈေးဝယ်ထွက်ကြသည့် ရာသီတွင် လက်လီဆိုင်များအတွက် ဝယ်ယူအားပေးမှုနည်းပါးသွားမည့် စိုးရိမ်ဖွယ်ရာလက္ခဏာတစ်ရပ်ပင် ဖြစ်သည်ဟုဆိုသည်။

မိမိ၏ အလုပ်အပေါ် ယုံကြည်စိတ်ချရမှုမရှိ ဖြစ်နေခြင်းကြောင့် လူများအနေဖြင့် အဝယ်အခြမ်း လျှော့ချလာကြမည် ဖြစ်သည်ဟု အမေရိကသုတေသနအုပ်စုမှ အကြီးအကဲဖြစ်သူ ဘရစ်ဘရီးမားက ပြောကြားသည်။

ရိုက်တာသတင်းဌာနက သုတေသနပြုလုပ်ရာတွင် ၃၃ ဒသမ ၆ ရာခိုင်နှုန်းက ၎င်းတို့သည် ၎င်းတို့၏ အလုပ်တည်မြဲရေးအတွက် စိုးရိမ်သောကရောက်နေရကြောင်း ဖြေကြားသည်။

လွန်ခဲ့သောလကအလုပ်အတွက် စိုးရိမ်ကြသောအရေအတွက်သည် ၂၄ ရာခိုင်နှုန်းနီးပါးသာရှိသည်။ ထိုကိန်းဂဏန်းသည် လွန်ခဲ့သောနှစ်က သုံးရာခိုင်နှုန်းသာလျှင်ရှိသည်။ အလုပ်သမားရေးရာဌာနက အလုပ်သမား ၅၃၃၀၀၀ လျှော့ချမည်ဟု ပြောပြီးနောက် ယင်းသုတေသနကို ဆောင်ရွက်ခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## ချီကာဂိုထရီဗြွန်းနှင့်လော့စ်အိန်ဂျလိစ်တိုင်း(စ်)ပိုင်ရှင်ဒေဝါလီခံပြီ

**နယူးယောက် ဒီဇင်ဘာ ၁၀**

အမေရိကန် ပြည်ထောင်စုတွင် ချီကာဂိုထရီဗြွန်းနှင့် လော့စ်အိန်ဂျလိစ်တိုင်း(စ်)သတင်းစာများကို ထုတ်ဝေသူသည် တနင်္လာနေ့က ဒေဝါလီခံကြောင်း ကြေညာသည်။ သတင်းစာထုတ်ဝေသော လုပ်ငန်းများသည် သတင်းစာဖတ်သူ ဆက်တိုက်လျော့ပါးလာခြင်း၊ ကြော်ငြာထည့်သွင်းမှုအရေအတွက် နည်းပါးလာခြင်းတို့ကို ရင်ဆိုင်နေရသည်။

ရုပ်မြင်သံကြားဌာနများနှင့်သတင်းစာ ရှစ်စောင်ပိုင်ဆိုင်သော ထရီဗြွန်းကုမ္ပဏီသည် ကြွေးများအဆမတန်တင်ရှိလာသောကြောင့်ဒေဝါလီခံခြင်းဆိုင်ရာဥပဒေအခန်း(၁၁)အရ ဒေဝါလီခံခွင့် လျှောက်ထားခြင်းဖြစ်သည်။

လူအများသည် အွန်လိုင်းပေါ်မှ သတင်းအချက်များ ပိုမိုရယူလာခြင်းနှင့်ကုမ္ပဏီများကစီးပွားရေးကျပ်တည်းလာသည့်အတွက် သူတို့၏ဈေးကွက်တိုးချဲ့ရေး အသုံးချစရိတ်ကို လျှော့ချလာခြင်းတို့ကြောင့် ကြော်ငြာမှုဝင်ငွေနှင့် ဖြန့်ချိစောင်ရေကျဆင်းလာသောဒဏ်ကို အခြား သတင်းစာကြီးများကဲ့သို့ ထရီဗြွန်းလည်း ခံစားရသည်။

ထရီဗြွန်းကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေသည် သတင်းစာလုပ်ငန်းအတွက် ကပ်ဆိုးကြီး ကျရောက်မည့်ရှေ့ပြေး လက္ခဏာပင်ဖြစ်သည်ဟု ရိုင်း(စ်)မင်း၊ ပီရက်(ဇ်)အန်ရိုင်း(စ်)မင်း၏ ဒေဝါလီအကျိုးဆောင်ရှေ့နေ ဂျဲစုန်း(စ်)မင်းက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အင်ဒဲဗားလွန်းပြန်ယာဉ် မိခင်စခန်းသို့ ရွှေ့ပြောင်းရေးအစီအစဉ် ရွှေ့ဆိုင်းရပြန်

**အက်ဒဝက်အခြေစိုက်လေတပ်စခန်း (အမေရိကန်) ဒီဇင်ဘာ ၁၀**

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်ကို ယင်း၏မူလစခန်းရှိရာ ဖလော်ရီဒါသို့ ပြန်လည်သယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် တစ်ရက်ထပ်မံရွှေ့ဆိုင်းလိုက်ရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

ထိုလွန်းပြန်ယာဉ်ကို ဂျမ်ဘိုဂျက်ရောမလေယာဉ်ကြီး၏ကျောပေါ်တွင်တင်၍ ဖလော်ရီဒါသို့ ရွှေ့ပြောင်းရမည် ဖြစ်သည်။ သို့သော် ရာသီဥတုအခြေအနေမကောင်းသဖြင့် သယ်ယူမည့် အစီအစဉ်ကို တစ်ရက်ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း နာဆာအာကာသလေ့လာရေးစခန်းမှ အရာရှိများက ပြောကြားသည်။ ***အင်တာနက်။***

## ဗီယက်နမ်၌ မီသိန်းဓာတ်ငွေ့ပေါက်ကွဲ သတ္တုတွင်းလုပ်သား ရှစ်ဦးသေဆုံး

**ဟန်္နွိုင်း ဒီဇင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်းနင်ပြည်နယ်တွင် ဒီဇင်ဘာ ၈ ရက်က မီသိန်းဓာတ်ငွေ့ ပေါက်ကွဲမှုကြောင့် သတ္တုတွင်းလုပ်သားရှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း တနင်္လာနေ့ထုတ် ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

ဖြစ်ပွားမှုမှာ ကွမ်းနင်ပြည်နယ် ချမ်ဖာမြို့ ဟီချမ်ကျောက်မီးသွေးကုမ္ပဏီ၏ ကျောက်မီးသွေးတွင်း၌ဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားချိန်၌ ယင်းသတ္တုတွင်းတွင် သတ္တုတွင်းလုပ်သား ၁၀၀ ကျော်အလုပ် လုပ်ကိုင်လျက်ရှိသည်

***အမ်အင်အေ၊ဆင်ဟွာ။***



**အမေရိကန်ရေတပ်မှ အက်ဖ်/အေ-၁၈ ဂျက်တိုက်လေယာဉ် ပျက်ကျသွားသဖြင့် မိသားစုဝင်လေးဦး သေဆုံးခဲ့ရသည့်နေရာအား စစ်ဆေးနေကြသည်ကို ဒီဇင်ဘာ ၉ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**ဩစတြေးလျနိုင်ငံ တပ်စ်မေးနီးယားဒေသကမ်းခြေတွင်သောင်တင်နေသောဝေလငါးနှစ်ကောင်ကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်၌ လူနေအဆောက်အအုံ မီးလောင်မှုဖြစ်ပွား

**ဝမ်ကျိုး ဒီဇင်ဘာ ၁၀**

တရုတ်နိုင်ငံအရှေ့ပိုင်း စီကျန်ပြည်နယ် ဝမ်ကျိုးမြို့တွင် ဒီဇင်ဘာ ၈ရက် စောစောပိုင်းက လူနေအဆောက်အအုံ မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးသည်။

ဖြစ်ပွားပုံမှာ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၂ မိနစ်က လောင်ဝမ်ခရိုင်ရှိ ငါးထပ်အဆောက်အအုံ၏ ဒုတိယထပ်တွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးသတ်သမားများက နံနက် ၆ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်ခဲ့ပြီးနောက် သေဆုံးသူ ငါးဦးကို တွေ့ရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းအား စုံစမ်းလျက်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

# သန့်စင်သော သန့်စင်ခန်းလေးများ

**ဟန်(ဟိုတယ်ခရီး)**

သန့်စင်ခန်းနှင့်ပတ်သက်၍ တင်ပြရေးသားရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်မှာ ကာလအတော်ကြာခဲ့ပြီ ဖြစ်ပါသည်။ သို့သော် မရေးဖြစ်ခဲ့သေး၊ သန့်စင်ခန်းကို မြန်မာတို့၏အသုံးတွင် အိမ်တစ်ခုလုံးကို သာယာမှုရရှိစေမည့်နေရာဌာနအဖြစ် သတ်မှတ်၍ အိမ်သာ(အိမ်သာ)ဟု သုံးစွဲခေါ်ဝေါ်ခဲ့ကြပါသည်။ သုံးစွဲခေါ်ဆိုမှု အနက်အဓိပ္ပာယ်နှင့်အညီ အိမ်တစ်အိမ်လုံး (အိမ်ရှိမိသားစုများအားလုံး) သာယာမှုရှိစေနိုင်သည်သာမက အာရောဂျ ပရမံလာဘံဆိုသည့် ကျန်းမာခြင်းလာဘ်ကြီးတစ်ပါးကို ရရှိရန် အထောက်အပံ့ပြုနိုင်သည့် နေရာဌာနတစ်ခုပင် ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ ရက် စနေနေ့ထုတ် ကြေးမုံသတင်းစာပါ ကလောင်ရှင် ချစ်ဆွေမြင့် ရေးသားသည့် "ခရီးသွားကျန်းမာရေးဆိုင်ရာ အားသာသူများဖြစ်လိုပါလျှင်" ဆောင်းပါးကို ဖတ်ရှုရသောအခါ ကျွန်တော့်မျှော်လင့်ဆန္ဒကို ဖြည့်ဆည်းသကဲ့သို့ ခံစားလိုက်ရပါသည်။ စာရေးသူ ချစ်ဆွေမြင့်သည် Tourism လောကသားတစ်ဦးဖြစ်သောကြောင့် Tourism အတွေးအမြင်ဖြင့် ခရီးသွားလုပ်ငန်းလောက၏ ပတ်ဝန်းကျင်ကို နိုင်ငံတော်အဆင့်၊ အာဆီယံအသိုင်းအဝိုင်းများကို နောက်ခံပြုကာ သန့်စင်ခန်းနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်း (Criteria) များကို အဓိကထား ရေးသားတင်ပြခဲ့သဖြင့် အတော်ပင် ထည်ဝါခိုင်ခံ့သော ဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံအတွင်း၌သာမက နိုင်ငံတကာအဆင့်တွင်ပင် အဝင်ဆံ့နိုင်စေရန် စေတနာအရင်းပြု၍ တင်ပြထားသည့် ဆောင်းပါး ဖြစ်ပါသည်။ ဆောင်းပါးတွင် သန့်စင်ခန်းဆိုင်ရာ လိုအပ်ချက်စံချိန်စံညွှန်း (Criteria) များကို အများပြည်သူ ထင်သာမြင်သာရှိစေရန် ရေးသားဖော်ပြထားပါသည်။ အမှန်မှာ သန့်စင်ခန်းကိစ္စသည် Tourism လောက၌သာမက လောကလူသားအားလုံးအတွက် အရေးပါသော ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းစင်ကြယ်သော သန့်စင်ခန်းကို အသုံးပြုအောင် ဆောင်ရွက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပါလိမ့်မည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနမှ ရေသန့်၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့် ဆိုသည့် သန့်လေးသန့် စီမံချက်ချ၍ နှိုးဆော်ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာ တည်ဆောက်သုံးစွဲရန် နှိုးဆော်ဆောင်ရွက်ခြင်း၊ အိမ်သာတက်ပြီးလျှင် လက်ကိုစင်ကြယ်စွာ ဆေးကြောရန် နှိုးဆော်ဆောင်ရွက်ခြင်းစသည့် လှုပ်ရှားမှုများသည် သန့်စင်ခန်း (အိမ်သာ)ကို သန့်ရှင်းစင်ကြယ်စွာ အသုံးပြုလာစေရန် ရည်ရွယ်ဦးတည်မှုပြုသည့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများပင် ဖြစ်ပါသည်။

လုပ်ငန်းတာဝန်ဖြင့် မကြာခဏ ခရီးသွားလာရသော ကျွန်တော်သည် ခရီးလမ်းကြောင်းတစ်လျှောက်ရှိ ဆိုင်များမှ အမျိုးမျိုးသော သန့်စင်ခန်းများကို ထိတွေ့သုံးစွဲခဲ့ဖူးပါသည်။ ခရီးသွားတစ်ယောက်အနေဖြင့် ဆိုင်ရှေ့သို့ ကားရပ်လျှင် ခရီးသည်များသည် သန့်စင်ခန်းသို့ ဦးစားပေးကာ အရင်ဆုံး သွားရောက်လေ့ရှိကြပါသည်။ ကျွန်တော်သည် ဆိုင်ရှိ သန့်စင်ခန်းသို့ ဝင်ရောက်မိသည်နှင့် သန့်စင်ခန်း၏ တည်ဆောက်၊ ပြင်ဆင်ထားရှိမှု၊ သန့်ရှင်းမှုတို့အပေါ် အခြေခံ၍ ထိုဆိုင်၏ သန့်ရှင်းမှုအပေါ် ယုံကြည်စိတ်နှင့် ဆိုင်၏အဆင့်အတန်းကို အလိုလိုသတ်မှတ်မိပါသည်။ သန့်စင်ခန်းများ သန့်ရှင်းနေပါက ဆိုင်၏သန့်ရှင်းမှုအပေါ် ယုံကြည်မှုရှိပြီး ကျန်းမာရေးဆိုင်ရာ သံသယစိတ်များကို လျော့နည်းပျောက်ကွယ်စေကာ ယင်းဆိုင်မှ စားသောက်ဖွယ်ရာများအား ယုံကြည်စိတ်ချစွာ စားသောက်မိပါသည်။ ကျွန်တော့်လိုပင် ကျန်ခရီးသည်များလည်း ခံစားရမည်ဟု ယုံကြည်မိပါသည်။ ဤအချက်ကို ကိုယ်ချင်းစာ၊ ခံစားမိသည့် ဆိုင်ရှင်များသည် မိမိဆိုင်ရှိ ဧည့်သည်သုံး သန့်စင်ခန်းများကို အပြိုင်အဆိုင် ကောင်းမွန်အောင် ဆောင်ရွက်လာကြသည်ကို ၁၉၉၆ ခုနှစ်မှ စတင်၍ တွေ့ရှိလာရပါသည်။

သန့်စင်ခန်းများနှင့် ပတ်သက်၍ အခြားတွေ့ကြုံရသည့် အများပြည်သူ သွားလာလေ့ရှိသော ဈေးများ၊ ဘုတာရုံများနှင့် မြို့တွင်းရှိ အများသုံး သန့်စင်ခန်းများပင် ဖြစ်ပါသည်။ အများစုမှာ အခကြေးငွေပေး၍ အသုံးပြုရသည့် သန့်စင်ခန်းများဖြစ်သော်လည်း အခကြေးငွေပေးရ သည်နှင့်အညီ ကောင်းမွန်သော သန့်ရှင်း၊ သပ်ရပ်၊ ပြည့်စုံသည့် ဝန်ဆောင်မှုမျိုး မရှိကြသည်ကို တွေ့ကြုံရပါသည်။ သန့်စင်ခန်းတစ်ခုသည် သန့်စင်ခန်းဆိုင်ရာ အခြေခံပစ္စည်းများဖြစ်သည့် ရေ၊ ရေအိမ်သုံး စက္ကူ၊ ရေပိုက် (သို့မဟုတ်)ရေခွက်၊ လိုအပ်သော အလင်းရောင်ရရှိရေးတို့မှာ မရှိမဖြစ်လိုအပ်ပြီး ဆပ်ပြာရည်(သို့မဟုတ်)ဆပ်ပြာ၊ လက်သုတ်ပဝါ (သို့မဟုတ်) လက်သုတ်ရန်စက္ကူ၊ လက်ဆေးကြွေခွက်၊ မှန်စသည်တို့မှာ ဖြည့်ဆည်းထားသင့်သော ပစ္စည်းများဖြစ်ပါသည်။ သို့ဖြစ်၍ အခကြေးငွေ ရယူသော သန့်စင်ခန်းတစ်ခုသည် အခြေခံပစ္စည်းများ ပြည့်စုံစေရန်နှင့် ဖြည့်ဆည်းထားရမည့်ပစ္စည်းများကို ပြည့်စုံအောင်ထားရှိရန် လိုအပ်ပါသည်။ အခကြေးငွေဖြင့် အသုံးပြုရသည့် သန့်စင်ခန်းများသည် သန့်ရှင်းသပ်ရပ်၍ ဝန်ဆောင်မှု ပြည့်စုံရမည့်အပြင် လုံခြုံစိတ်ချရမှုရှိရန်လည်း လိုအပ်ပါသည်။

ဤတွင် တစ်ခုသတိပြုမိသည်မှာ သန့်စင်ခန်းကို ပြည့်စုံကောင်းမွန်စွာတည်ဆောက်သူနှင့် ယင်းသန့်စင်ခန်းကို သုံးစွဲသူဟူ၍ နှစ်ပိုင်းတွေ့ရှိရပါသည်။ ကောင်းမွန်စွာတည်ဆောက်ထားသည့် သန့်စင်ခန်းကို သုံးစွဲသူများ အနေဖြင့်လည်း မိမိ၏ကိုယ်၊ စိတ်စောင့်စည်းမှုဖြင့် သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းသုံးစွဲရန် လိုအပ်ပါသည်။ မိမိကိုယ်တိုင် သန့်ရှင်းမှုကို ကြိုက်နှစ်သက်သလို မိမိ၏နောက်တွင် သုံးစွဲမည့်သူများလည်း သန့်ရှင်းစွာ သုံးစွဲနိုင်အောင် အတတ်နိုင်ဆုံး သုံးစွဲမည်ဟူသော ကိုယ်ချင်းစာစိတ်စေတနာတို့ဖြင့် သုံးစွဲခြင်းသည် သန့်စင်ခန်းတစ်ခု အစဉ်အဆက် သန့်ရှင်းစင်ကြယ်ခြင်း၏ အခြေခံအချက်ဟု ကျွန်တော်ယူဆမိပါသည်။

အလျဉ်းသင့်သဖြင့် ကျွန်တော်တို့၏ ပတ်ဝန်းကျင်နိုင်ငံတစ်ခုမှ ဆောင်ရွက်မှုကို တင်ပြလိုပါသည်။ ထိုနိုင်ငံတွင် မြို့တွင်း၊ မြို့ပြင်သန့်ရှင်းပြီး အမှိုက်ပုံးများ စနစ်တကျထားရှိပေးထားပါသည်။ အဝေးပြေးလမ်းတစ်လျှောက်ရှိ ဓာတ်ဆီဆိုင်များတွင် စတိုးဆိုင်၊ ကော်ဖီဆိုင်၊ သန့်စင်ခန်းများကို တွဲဖက်တည်ဆောက်ထားကြပါသည်။ အချို့မှာ ကားရေဆေးဆီလိုက် ဆောင်ရွက်ခြင်း၊ လေဖြည့်ခြင်း၊ ယာဉ်စစ်ဆေးခြင်း စသည့် ဝန်ဆောင်မှုများကိုပါ ဆောင်ရွက်ပေးပါသည်။ ကျွန်တော် သတိပြုမိသည်မှာ ထိုဓာတ်ဆီဆိုင်များရှိ သန့်စင်ခန်းတိုင်းသည် ယာဉ်စီးခရီးသည်များအတွက် ရည်ရွယ်၍ အနည်းဆုံး တစ်ချိန်တည်းတွင် လူ ၁၀ ဦး မှ အထက် အသုံးပြုနိုင်ရန် သန့်ရှင်းစွာ စီစဉ်ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ ထို့အတူ အဝေးပြေးလမ်းဘေးရှိ စားသောက်ဆိုင်များမှာ ဆိုင်တွင်း၊ ဆိုင်ပြင်၌ သန့်ရှင်းသော သန့်စင်ခန်းများထားရှိကြောင်း တွေ့ရှိရပါသည်။ ဆွေးနွေးပွဲတစ်ခုတွင် ထိုနိုင်ငံသား အရာရှိတစ်ဦးက မိမိတို့၏နိုင်ငံသည် သန့်စင်သော သန့်စင်ခန်းများအတွက် ဂုဏ်ယူစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသို့ လာရောက်သည့် ဧည့်သည်များအတွက် အသန့်ရှင်းဆုံးသော သန့်စင်ခန်းများထားရှိခြင်းကို မိမိတို့နိုင်ငံသားများအနေဖြင့် ဂုဏ်ယူလျက်ရှိပါကြောင်း ဝင့်ကြွားစွာ ထုတ်ဖော် ပြောကြားသွားပါသည်။

ကျွန်တော့်အနေဖြင့် "ခရီးသွားကျန်းမာရေးဆိုင်ရာ အားသာသူများ ဖြစ်လိုပါလျှင်" ဆောင်းပါးကို ဖတ်ရှု၍ ခံစားမိသည်မှာ သန့်ရှင်းသပ်ရပ်သော သန့်စင်ခန်းများသည် ကျွန်တော်တို့နိုင်ငံသို့ လာရောက်သည့် ဧည့်သည်များအတွက်သာမက ကျွန်တော်တို့ တစ်မျိုးသားလုံးအတွက်ပါ အလေးထား ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်ဟု ယူဆမိပါသည်။ တစ်မျိုးသားလုံး သန့်ရှင်းကောင်းမွန်သော သန့်စင်ခန်းများသုံးစွဲသည့် အလေ့အထများကို ကျန်းမာရေးအသိနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် ကျွန်တော်တို့နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အဆင့်အတန်း၊ အကျိုးအမြတ်များကို တိုးတက်ခံစား ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး သန့်ရှင်းကောင်းမွန်သည့် သန့်စင်ခန်းများကို သုံးစွဲခြင်းဖြင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အတွင်း၌သာမက အာဆီယံ အသိုက်အဝန်းအကြား ကမ္ဘာ့နိုင်ငံများအလယ်၌ပင် ရင်ပေါင်တန်း ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။ သန့်စင်ခန်း သန့်ရှင်းမှုကို ဂုဏ်ယူတတ်ခြင်းသည် ကျန်းမာကြံ့ခိုင်မှုကို အလေးထားတတ်သည့် နိုင်ငံကြီးသား ပီသခြင်း၏ ဂုဏ်အင်္ဂါတစ်ရပ်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး သန့်ရှင်း၊ ပြည့်စုံကောင်းမွန်သော သန့်စင်ခန်းများကို ဖန်တီးသုံးစွဲကြပါစို့။ ။

**အခကြေးငွေ ရယူသော သန့်စင်ခန်းတစ်ခုသည် အခြေခံပစ္စည်းများ ပြည့်စုံစေရန်နှင့် ဖြည့်ဆည်းထားရမည့်ပစ္စည်းများကို ပြည့်စုံအောင်ထားရှိရန် လိုအပ်။ အခကြေးငွေဖြင့် အသုံးပြုရသည့် သန့်စင်ခန်းများသည် သန့်ရှင်းသပ်ရပ်၍ ဝန်ဆောင်မှု ပြည့်စုံရမည့်အပြင် လုံခြုံစိတ်ချရမှုရှိရန်လည်း လိုအပ်။**



## ကန့်ကြီးထောင့်မြို့နယ် မိုးစပါးစံပြကွက်ရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၁၀**

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ခရိုင်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃ ရက်က ကန့်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် (၅)ရပ်ကွက် ကွင်းအမှတ် ၁၈၅-စီ ဦးပိုင်အမှတ် ၃ ခ(က) တောင်သူ ဦးမြင့်စိန်၏ မရှုရင်မျိုး၊ စပါးမျိုး မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး**(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နံရံတိုင်းမှာ မျက်စိရှိသည် မည်သူမျှ မမြင်ပါဟု စိတ်အထင်ဖြင့် ဓာတ်ပုံအရိုက်ခံခြင်းများ ရှောင်ရှားသင့်၊ မျိုးဆက်သစ်တို့ အတုယူမှားနိုင်သည့် ရိုက်ကွက်များအား ဓာတ်ပုံရိုက်၍ ဝက်ဘ်ဆိုက်တင်ပြီး နာမည်ယူလိုခြင်းများရှိလာဆိုသည့် မှတ်သားဖွယ် အကြံပြုချက်ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို ထုတ်ဝေဖြန့်ချိထားသည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဒေါက်တာ စိန်မောင်၏ စီးပွားရေးလုပ်ငန်းများ ပုံစံမပျက်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းအပေါ် အခြေခံသည့် နည်းလမ်းတစ်ရပ် ဟောပြောဆွေးနွေးချက်များ၊ မော်လမြိုင်ဈေး မီးလောင်ကျွမ်းမှု ဆိုင်ခန်း ၁၀၀၀ ကျော်ဆုံးရှုံး၊ အိမ်ခြံမြေ ရောင်းဝယ်ရေး အေးနေသောကြောင့် ပေါင်နှံခြင်းသို့ ဦးတည်၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဒဏ် မလေးရှားရောက် မြန်မာများ ထိခိုက်၊ ဆော်ဒီက မြန်မာကြက်နှင့်ကြက်ဥများ ဝယ်ယူရန်ရှိ၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ ဖိလစ်ပိုင်သို့ အကောက်ခွန်မဲ့ တင်သွင်းနိုင်၊ အိုဘားမား၏ အဘိုးသည် မြန်မာနိုင်ငံသို့ရောက်ဖူးခဲ့၊ ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ လိပ်ခေါင်းလေလား၊ ကင်ဆာလား၊ ဘဲလ်ဂရိတ်မြို့ပေါ်မှ မိုးကောင်းကင်ပန်းချီပြပွဲ၊ လနှင့် ဂြိုဟ်နှစ်လုံး ပြုံးနေသောသဏ္ဌာန် ရပ်တည်ခဲ့မှုနှင့်ပတ်သက်၍၊ ဂျပန် ပြောင်းကုန်သည်အဖွဲ့ ပြောင်းများဝယ်ယူရန် ဈေးနှုန်းညှိနှိုင်းနေ၊ အီရန်နိုင်ငံမှ ကြီးမားသော စစ်ရေးလေ့ကျင့်မှုပြုလုပ်၊ အမေရိကန်၏ခွင့်ပြုချက်မရဘဲ အီရန်ကိုတိုက်ရန် အစ္စရေးကြိုးပမ်းနေဆဲ၊ စစ်ဖြစ်လာလျှင် ပါကစ္စတန်က နျူကလီးယားဒုံးကျည်များ မိနစ်ပိုင်းအတွင်း ပစ်လွှတ်နိုင်၊ ဇန်နဝါရီလထဲတွင် နျူကလီးယားဒုံးကျည်များ ပစ်ခတ်နိုင်သည့် ထိန်းချုပ်စနစ်ပါရှိသော သားရေအိတ်အနက်အား သမ္မတဘုရှ်မှ အိုဘားမားသို့ လွှဲပေးတော့မည်၊ အရေးပေါ် အသင့်ဖြစ်ရေးအတွက် အီရန်က စစ်သင်္ဘော ၆၀ ချထားစသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## အထကဒါးပိန် ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

၁၉၅၈-၂၀၀၈ ခုနှစ် အထက ဒါးပိန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ ရွှေရတုကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် ကွယ်လွန်ပြီးဆရာ၊ ဆရာမကြီးများအား ရည်စူးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူရှင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးစိုးကြည် ဖုန်း-၀၉ ၅၁၈၆ ၈၁၀၊ ဦးမြင့်ကြည် (ခ) ဦးခင်မောင်ကြွယ်ဖုန်း-၀၉ ၈၀ ၂၅၂၆၅၊ ဦးကျော်ဇော(ခ)ဦးစောဝင်း ဖုန်း-၀၉-၅၁၁ ၄၀၇၉၊ ဦးလှဋ္ဌေး ဖုန်း-၀၉ ၈၀၃၁ ၃၅၄ နှင့် ဒါးပိန်မြို့တွင် ဦးဝင်းကြည် ဖုန်း-၀၁-၇၀၉၀၂၃၊ ဦးခိုင်ဝင်း ဖုန်း-၃၃၃ ၅၄၆၅ လိုင်းခွဲ (၈၇)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ကလောမြို့နေပြည်သူများအတွက် သဘာဝရေထွက်များနှင့် ရေအေးကန်

ကိုတင်လှိုင်(မိတ္ထီလာ)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့သွားသည့် မိတ္ထီလာ-တောင်ကြီး ကားလမ်းတွင် ပထမဆုံး တွေ့ရသည့်မြို့မှာ ကလောတောင်စခန်းမြို့ဖြစ်သည်။ ကလောမြို့သည် တောင်စခန်းမြို့ဖြစ်သည့်အတွက် တောင်ကုန်းတောင်တန်းများ ခြံကျယ်ကျယ်တွင် ဆောက်လုပ်ထားသည့် တိုက်တာအဆောက်အအုံများကို တွေ့ရသည်။

ကလောမြို့လေးကို မိုင်းလုံးတောင်၊ အိုးစည်တောင်၊ မနောလှတောင်၊ ကဆုန်တောင်၊ ရွှေမင်းပုန်းတောင်တို့က ဝန်းရံထားသည်။ ကလောမြို့သည် သဘာဝအလှများဖြင့် ပြည့်နှက်နေပြီး ဆိတ်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ အဆင့်အတန်းမြင့်ခြင်းတို့ဖြင့် ပြည့်စုံနေသည့် တောင်စခန်းမြို့လေးဖြစ်သည်။

ကလောမြို့သည် တောင်များဝန်းရံလျက်ရှိပြီး ရေတွင်းများ၊ အဝီစိတွင်းများ တူးဖော်၍မရနိုင်သောမြို့ဖြစ်သည်။ ကလောမြို့၏ အဓိကသောက်သုံးရေမှာ ကလောမြို့၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ရေအေးကန်ဖြစ်သည်။ ကလောမြို့ လူထုသောက်သုံးရေအတွက် ရေအေးကန်၊ သစ်ထွင်းရေထွက်၊ အင်းပြင်ရေထွက်၊ မျက်ရဲအင်းရေထွက်နှင့် နုန်းသဲရေထွက်တို့ကို သဘာဝက ဖန်ဆင်းပေးထားသည်။

သဘာဝရေထွက်ရေအေးကန်သည် ကလောမြို့အနောက်တောင်ဘက် သုံးမိုင်ကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၅၃၅ ပေတွင် တည်ရှိသည်။ ရေအေးကန်ရေကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်ကြည့်ရာ Ph-7 အဆင့်တွင်ရှိပြီး သောက်သုံးရန်သင့်တော်သဖြင့် ရေအေးကန်အား ဆည်တမံအဖြစ် ပြုပြင်ဆည်ဖို့ခဲ့သည်။

၁၉၉၉-၂၀၀၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၏ အထူးဖြည့်စွက်ခွင့်ပြုချက်ဖြင့် ကလောမြို့ ရေအေးကန် လက်ဝဲတမံတာပေါင်အလျား ပေ ၁၀၀၊ အနံ ၁၅ ပေ၊ ထိပ် ၁၆ ပေအား ဆည်ပြန်ဖို့ခြင်း၊ တာပေါင်တိုးမြှင့်ပြုပြင်ခြင်းနှင့် ရေပိုလွှဲတိုးချဲ့ပြုပြင်ခြင်းတို့အား ပြည်နယ်ဆည်မြောင်းဦးစီးဌာန အကူအညီဖြင့် ၁၄ ဒသမ ၃ သိန်း အကုန်ကျခံ၍ ပြုပြင်ဆည်ဖို့ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် လူထုလုပ်အားဖြင့် လက်ယာကန်အား ဆည်ပေါင်ဖို့ခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကလောမြို့၏ အဓိကရေထွက်ကန်ဖြစ်သော ရေအေးကန်သည် နှစ်ပေါင်းကြာမြင့်လာပြီဖြစ်သဖြင့် ၇-၁၀-၂၀၀၆ ရက်က ရေအေးကန် ပင်မရေလှောင်တမံတာပေါင် ပေ ၁၂၀ × ၃၅ ပေ ကျိုးကျ၍ ရေကျော်ကျောက်စီနံရံတစ်ခြမ်း ပြိုကျပျက်စီးသွားသဖြင့် ကန်ရေအတွင်း ရေယူပေါက်အထက် ငါးပေသာ ကျန်ရှိခဲ့သည်။ ရေလှောင်တမံကျိုးကျသဖြင့် မြို့ရေပေးဝေလျက်ရှိသော ရှစ်လက်မ PVC ပိုက် သုံးနေရာ စုစုပေါင်းအရှည် ၁၆၆ ပေ ပျက်စီးသွားခဲ့သည်။ ပျက်စီးသွားသော ရေပိုက်လိုင်း ၁၆၆ ပေအား အဖွဲ့ရန်ပုံငွေကျပ် ၄၅ဒသမ ၁ သိန်းဖြင့် အမြန်ဆုံးပြုပြင်ခဲ့ရာ ၂၃-၁၀-၂၀၀၆ ရက်တွင် ပြီးစီး၍ မြို့လူထုသို့ ချက်ချင်းရေဖြန့်ဝေပေးနိုင်ခဲ့သည်။ ပင်မတမံကျိုးပေါက်ပြီးနောက်တွင် မြို့လူထုသို့ရေပေးဝေရန် ရေဂါလန် ၃၅ သန်းခန့်သာ ကျန်ရှိတော့သဖြင့် ယာယီပန်းတာပတ်ခြင်းလုပ်ငန်းကို တပ်မတော်သားအင်အား ၁၃၇၀ ဦးနှင့် စည်ပင်ဝန်ထမ်းများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေမှ ယာယီကြိုတင်ငွေကျပ် သိန်း ၃၀ ဖြင့် ၂၈-၁၀-၂၀၀၆ ရက်က စတင်ပြန်လည်တည်ဆောက်ခဲ့ရာ ၆-၁၁-၂၀၀၆ ရက်တွင် ပြီးစီးခဲ့သည်။ ကလောမြို့၏ အဓိကရေပေးရေးလုပ်ငန်းဖြစ်သည့် ကျိုးပေါက်သွားသည့် ရေအေးကန်အား နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၃၄၆ ဒသမ ၇၃၆ သိန်းဖြင့်လည်းကောင်း၊ ကလောမြို့စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်၁၂၇ ဒသမ ၄၄၄သိန်းဖြင့် အမြန်ဆုံးတာပေါင် မြေဖို့ခြင်း၊ ရေပိုလွှဲ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ပြန်လည်တည်ဆောက်ခဲ့ရာ ၁၅-၆-၂၀၀၇ ရက်တွင် လုံးဝပြီးစီး အောင်မြင်သွားပြီဖြစ်သည်။

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေထွက်အသီးသီးမှ ရေများကို ပိုက်လိုင်းများဖြင့် သွယ်ယူပြီး ငွေကုန်ကြေးကျခံကာ မြို့နေပြည်သူများနှင့် သောက်သုံးရေ မပြတ်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်နေသည်။ ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေအချိန်မှန် ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် ရေအေးကန်သည် တစ်နာရီလျှင် ဂါလန်၁၄၀၀၀ ထွက်ရှိပြီး တစ်နေ့ ရေပေးဝေနိုင်သည့်ပမာဏမှာ ဂါလန် ၃၀၀၀၀၀ ရှိကာ ရေသိုလှောင်မှု ပမာဏမှာ ဂါလန်၁၈၅ သန်း ဖြစ်၍ ဧရိယာမှာ ၃၆ဒသမ၅ ဧကကျယ်ဝန်းသည်။ ရေပေးဝေမှုစနစ်မှာ အလိုအလျောက်စီးဆင်းသည့် စနစ်ဖြစ်သည်။

ကလောမြို့၏ သဘာဝရေထွက်တစ်ခုဖြစ်သော အင်းပြင်ရေထွက်မှာ ကလောမြို့၏အရှေ့ဘက် နှစ်မိုင်အကွာတွင်တည်ရှိသည်။ အင်းပြင်ရေထွက်မှာ တစ်နာရီလျှင် ဂါလန် ၈၀၀၀ ထွက်ရှိပြီး တစ်နေ့ရေပေးဝေသည့်ပမာဏမှာ ဂါလန် ၁၂၀၀၀၀ ဖြစ်၍ ရေထွက်မှပေ၂၅၀ ပိုမြင့်သောတောင်ပေါ်ရှိ ဂါလန် ၁၂၀၀၀၀ ဆံ့ ရေသိုလှောင်ကန်သို့ ရေတင်စက်များဖြင့် တွန်းတင်ပြီး ရေဝေကန်မှတစ်ဆင့် မြို့တွင်းသို့ အလိုအလျောက်စီးဆင်းသည့်စနစ်ဖြစ်သည်။ အင်းပြင်ရေထွက်မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြင်းကောင်ရေ ၆၀ အား ရေတင်စက် နှစ်လုံး၊ ၄၀ အားတစ်လုံးနှင့် ၂၅ ကောင်အား အင်ဂျင်စက်များဖြင့် ရေပေးပို့နေသည်။

ကလောမြို့တွင် သဘာဝရေထွက်များရှိရာ သစ်ထွင်းရေထွက်မှလည်း ကလောမြို့လူထုအတွက် ရေပေးဝေနေသည်။ သစ်ထွင်းရေထွက်သည် ကလောမြို့အနောက်တောင်ဘက် နှစ်မိုင်ခွဲအကွာတွင် တည်ရှိသည်။ သစ်ထွင်းရေထွက်မှ တစ်နာရီ ဂါလန် ၄၆၀၀ ခန့်ထွက်သည်။ တစ်နေ့ရေပေးဝေသည့် ပမာဏမှာ ၄၅၀၀၀ ခန့်ရှိသည်။ သစ်ထွင်းရေထွက်မှရေကို ရေစုကန်တွင် စုဆောင်းပြီး ရေဝေကန်သို့ရေတင်စက်ဖြင့် တွန်းတင်ကာ ရေဝေကန်မှတစ်ဆင့် မြို့တွင်းသို့ အလိုအလျောက် စီးဆင်းစေသည့်စနစ်ဖြစ်သည်။ သစ်ထွင်းရေထွက်မှ မြင်းကောင်ရေ ၄၀ အားနှင့် မြင်းကောင်ရေ ၂၀ အား အင်ဂျင်စက်တို့ဖြင့် နေ့စဉ်ရေပေးပို့နေသည်။

ကလောမြို့သည် တောင်ကုန်း၊ တောင်တန်းများပေါ်တွင် တည်ရှိသောမြို့ဖြစ်သည်။ ထိုတောင်ကုန်း၊ တောင်တန်းများပေါ်ရှိ လူနေအိမ်များသို့ ရေရောက်ရှိရန် ဆောင်ရွက်ရသောလုပ်ငန်းသည် လွယ်ကူသော အလုပ်မဟုတ်ပေ။ သို့သော် မြို့လူထုသောက်သုံးရေ အဆက်မပြတ် နေ့စဉ်ရရှိရေးအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဦးဆောင်မှု၊ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို၏ အနီးကပ်ကြီးကြပ်မှု၊ ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကလောမြို့တွင် ရေပြတ်လပ်မှုမရှိဘဲ အစဉ်သဖြင့် ရေရရှိနေသည်။

ကလောမြို့နေပြည်သူများ ရေအဆက်မပြတ်ရရှိရေးအတွက် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လူဦးရေ၁၇၄၆၇ ဦးအတွက် ရေတိုင် ၆၆ တိုင်၊ ရေမီတာ ၃၁၂ လုံးတို့ဖြင့် နေ့စဉ်ဖြန့်ဝေပေးနေသည်။ ရေခွန်ကိုလည်း ကိုယ်ပိုင်ရေတိုင်တစ်တိုင်လျှင် တစ်လ ကျပ် ၅၀၀ နှုန်းနှင့် ရေမီတာတစ်ယူနစ်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ကောက်ခံဆောင်ရွက်နေသည်။

ထို့ကြောင့် ကလောမြို့နေပြည်သူများသည် သောက်သုံးရေအတွက် စိတ်ချမ်းသာစွာဖြင့် သောက်သုံးနေရပြီး ရေရှိသဖြင့် အမြဲစိမ်းလန်းသာယာအေးချမ်းနေသည့် တောင်စခန်းမြို့လေးတစ်မြို့ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။



**ရေအေးကန်**

**ကလောမြို့၏ သောက်သုံးရေအတွက် အဓိကအားထားနေရသည့် ကလောမြို့အနောက်တောင်ဘက်ရှိ ရေအေးကန်အား တွေ့ရစဉ်။**



**၇-၁၀-၂၀၀၆ ရက်က ပြိုကျပျက်စီးသွားသော ရေအေးကန် ပင်မရေလှောင်တမံအား ပြန်လည်ပြုပြင်ပြီး တွေ့ရစဉ်။**

## ညောင်ကျိုး အထက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ညောင်ကျိုး အခြေခံပညာအထက်တန်းကျောင်း၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း ဝေနိဇရာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ကြွရောက် အပူဇော်ခံပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

ပူဇော်ပွဲအတွက် အလှူငွေများဆက်သွယ်လှူဒါန်းလိုပါက ဦးအေးကျော် ဖုန်း-၀၉၅၁-၃၁၂၆၀၊ ဦးကျော်စိန် ဖုန်း-၀၁-၅၇၇၆၁၂၊ ဦးမြင့်ဆွေ ဖုန်း-၀၉၅၁-၃၅၀၈၆၊ ဦးထက်အောင် ဖုန်း-၀၉၈၀ ၃၂၅၄၀၊ ဦးအောင်ကိုလတ် ဖုန်း-၀၉၅၁-၈၇၁၇၂၊ဒေါက်တာဌေးဝင်း ဖုန်း-၀၄၄-၂၁၉၁၇၊ ဦးတင်အုန်း ဖုန်း-၀၄၄-၃၀၂၉၇ နှင့် ဦးစိုးမြင့် ဖုန်း-၀၄၄-၃၀၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တောင်ကြီးကောလိပ် ကျောင်းသား၊ကျောင်းသူများ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန် YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၃၇၄၈၅၀၊ ၀၉-၅၀-၄၆၈၉၉၊ ဒေါက်တာသာညာဏ် ဖုန်း-၂၉၄၁၂၈၊ ၂၉၄၁၀၉၊ ၂၉၆၄၃၅၊ ဦးခင်မောင် ဖုန်း-၀၉-၅၀-၇၇၁၅၀၊ ၊ စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဦးအောင်မွန်(နေပြည်တော်လယ်ဝေး) ဖုန်း-၀၆၇-၃၀၂၇၇၊ လီယို ဖုန်း-၀၉-၅၀-၁၁၃၉၂၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၁၅၇၁၊ ၀၉-၅၂-၅၀၁၂၁၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ၂၂၃၇၁၈၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ၅၂၆၂၃၆၊ဒေါ်မေကြင် ဖုန်း-၂၉၅၆၃၈၊၂၁၀၉၈၇၊ ဦးအောင်မြင့်(ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ ဦးမောင်မောင်လေး ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဦးခင်မောင်ဆွေ ဖုန်း- ၂၉၆၇၉၃၊ ၀၉- ၅၁-၁၂၄၅၀၊ Melvin ကျော်သက် ဖုန်း-၀၉-၉၉-၂၅၂၉၉၊ စိုင်းသိန်းထွေး (ကျောက်မဲ)ဖုန်း-၀၆၇-၂၂၀၇၄၊ ဒေါ်နန်းညွန့်တင်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၃၁၃၄၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း (တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်စပ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၀၉-၅၁- ၅၃၇၈၇၊ ၅၃၈၇၄၁၊ ဒေါ်စိန်စိန်မြင့် (ကျောက်မဲ) ဖုန်း- ၀၈၂-၄၀၂၁၀၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်တင်တင်နွဲ့ (လွိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ ဒေါ်ခင်စိမ်းဝင်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဦးတင့်ရှိန် ဖုန်း- ၆၈၀၄၀၂ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ရွှေဖုံးမှ

ဖွံ့ဖြိုးလာရေးအတွက် နိုင်ငံတော်အစိုးရက မုံရွာ-ယာကြီး-မြို့မ-ကလေးဝလမ်းသစ်ကြီးကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းသစ်ကြီးသည် မုံရွာမြို့မှ ကလေးဝအထိ ၁၁၅ မိုင် ရှည်လျားသည်။ ယခင် ကလေးဝ-သက္ကယ်ကျင်း-တန့်ဆည်-ရေဦး-မုံရွာ လမ်းမကြီးမှာ မိုင် ၁၇၀ ရှည်လျားသည်။ ယခု ယာကြီး လမ်းသစ်က ၄၅ မိုင် ခရီးချုံ့သွားသည်။ ခရီးတို ခရီးချုံ့သွားသဖြင့် အချိန်ကုန်၊ ငွေကုန်၊ ခရီးသက်သာသော လမ်းမကြီးဖြစ်သည်။ မုံရွာ-ယာကြီးလမ်းသစ်တွင် တံတားကြီးငယ်ပေါင်း ၁၇၄ စင်း ရှိသည်။

ထို့ပြင် မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းသစ်ကြီးပေါ်တွင် နိုင်ငံတော်အစိုးရက တံတားသစ်ကြီး နှစ်စင်းကို ဆောက်လုပ်ပေးခဲ့သည်။ ပထမတံတားမှာ ချင်းတွင်းမြစ်ဖြတ် ချင်းတွင်းတံတား (မုံရွာ)ဖြစ်ပြီး ဒုတိယတံတားမှာ မြစ်သာမြစ်ဖြတ် မြစ်သာတံတား (ကလေးဝ)တို့ဖြစ်သည်။

ချင်းတွင်းတံတား (မုံရွာ) မှာ မုံရွာ-ရေဦး ကားလမ်း မိုင်တိုင်အမှတ်(၈၉/၆) အကျော် မင်းဒေါင့် ကုန်တင်ကုန်ချ ဆိပ်ကမ်းအနီး၌ရှိသည်။ တံတားအရှည်မှာ ၄၇၃၀ ဒသမ ၁၈ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ ပါရှိသည်။ တံတားခံနိုင်ဝန်အားမှာ တန် ၆၀ ဖြစ်သည်။ စီမံကိန်းကာလ နှစ်နှစ်နှင့်လေးလ ကြာမြင့်ခဲ့ပြီး တံတားကြီးကို ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်က ဖွင့်လှစ်ပေးခဲ့သည်။



## မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းသစ်

**မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသကို ဖြတ်သန်းဖောက်လုပ်ထားသော မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းသစ်ကို တွေ့ရစဉ်။**

မုံရွာ-ယာကြီး-မြို့မ- လမ်းသစ်ပေါ်ရှိ ဒုတိယမြောက်တံတားမှာ မြစ်သာတံတား(ကလေးဝ)ဖြစ်သည်။ မြစ်သာတံတား(ကလေးဝ) သည် မြစ်သာမြစ်ပေါ်တွင် တည်ဆောက်ထားသော တံတားသစ်ကြီးဖြစ်ပြီး အရှည်ပေ ၁၃၂၀ ရှိ သံမဏိသံပေါင် ကြိုးတံတားဖြစ်သည်။ တံတားကြီး၏ ခွင့်ပြုယာဉ် အလေးချိန်မှာ မော်တော်ယာဉ် H.S 2044 (၃၆)တန် နှစ်လမ်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်မှာ တန် ၆၀ဖြစ်သည်။ မြစ်သာတံတား (ကလေးဝ) ဖွင့်လှစ်အပြီး ၁၀ လ အကြာ ၂၀၀၅ ခုနှစ် ဧပြီ ၁၁ရက် ညနေတွင် ကျွန်တော်သည် မန္တလေးမှ ကလေးသို့ မုံရွာ-ယာကြီး-မြို့မ-ကလေးဝ လမ်းသစ်မှ ပြန်လာရာ ထိုတံတားကြီး နှစ်စင်းလုံးကို ပထမအကြိမ် ဖြတ်သန်းခဲ့ရသည်။

မန္တလေးမြို့ သီရိမန္တလာ ကားဝင်းမှ ညနေ ၄နာရီတွင် ထွက်လာရာ စစ်ကိုင်းတံတားကြီးကို ညနေ ၅ နာရီ၌ ဖြတ်သန်းခဲ့ပြီး ချင်းတွင်းတံတား(မုံရွာ)ကိုမူ ညကြီးမှောင်မည်းမည်းထဲတွင် ဖြတ်သန်းခဲ့ရသည်။ ချင်းတွင်းတံတား(မုံရွာ)သို့ အရောက်မူကား တံတားကြီးတစ်ခုလုံး မီးထိန်ထိန်လင်းလျက်ရှိသည်။ တံတားကြီးပေါ်က မီးအလင်းရောင်ကြောင့် ချင်းတွင်းရေပြင်မှာလည်း လင်းထိန်နေလေသည်။ တံတားကြီးပေါ်မှ ကားဖြင့် မိနစ် ၂၀ခန့်ကြာအောင် ဖြတ်သန်းခဲ့ရသည်။

မုံရွာတံတားကြီးကို ဖြတ်ကျော်အပြီး နာရီဝက်ခန့်အကြာတွင် "မုံရွာ - ယာကြီး - မြို့မ - ကလေးဝ လမ်းသို့"ဟု လမ်းညွှန်ထားသော ဆိုင်းဘုတ်ရှိရာသို့ ချိုးဝင်ခဲ့ရသည်။ ထိုမှ တစ်နာရီအကြာတွင်ကား တောင်ပေါ်လမ်းများကို ဖြတ်သန်းကြရတော့သည်။

တက်တံခွန်မှန်လုံအမြန်ယာဉ်သည် လူ ၆၀ ကိုတင်ဆောင်ကာ မုံရွာ-ယာကြီး-မြို့မလမ်းအတိုင်း ကလေးဘက်ဆီသို့ မောင်းနှင်လာရာ ည ၁၂ နာရီခန့်တွင် ယာကြီးရွာသို့ ရောက်၍ ကားရေဖြည့်၊ ဆီဖြည့်သည်။ ထို့နောက် ဆက်မောင်းလာရာ နံနက် ၃ နာရီခန့်တွင် မြို့မရွာသို့ ရောက်ရှိပြီး ကားခေတ္တနားသည်။ နံနက် ၅ နာရီတွင် ကားကို ဆက်လက်မောင်းလာရာ ကလေးဝ မြစ်သာတံတားကြီးကို နံနက် ၆ နာရီခွဲတွင် ရောက်ရှိသည်။

မြစ်သာတံတားကြီးကား ဖွင့်လှစ်ပြီးစဖြစ်၍ ဖြူဖွေးလှပနေသည်။ ခံ့ညားနေသည်။ လှပခံ့ညားမြစ်သာ တံတားကြီးပါတကား။ မြစ်သာတံတားနှင့် မုံရွာတံတားကြီးတို့ကား ဆက်သွယ်ရေး ခက်ခဲသော မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသကို လမ်းဖွင့်ပေးနေသည့် မုံရွာ-ယာကြီး-မြို့မ လမ်းသစ်ကြီးပေါ်က တံတားကြီး နှစ်စင်းဖြစ်သည်။ တောင်တွင်းချောင်ဒေသကို ပိတ်ဆီးကာရံထားသော ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့ကို ဖြတ်သန်းဆောက်လုပ်ထားသော ပြည်သူ့အကျိုးပြုတံတားကြီးများ ဖြစ်ကြသည်။

မုံရွာ-ယာကြီး-ကလေးဝလမ်းမကြီးနှင့်တကွ ထိုတံတားကြီး နှစ်စင်းသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့ကို ဆက်စပ်ပေးရုံသာမက အိန္ဒိယနိုင်ငံနှင့်ပါ ဆက်သွယ်ပေးရာ နယ်စပ်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကိုပါ အထောက်အကူပြုလျက်ရှိသည်။

ထိုလမ်းနှင့် ထိုတံတားကြီး နှစ်စင်းကြောင့် ကလေး၊ကလေးဝ၊ တမူးမြို့ သုံးမြို့နှင့် တောင်တွင်းချောင်ဒေသ မင်းကင်းမြို့နယ်ရှိ ကျေးရွာများစွာတို့ကို ဖွံ့ဖြိုးတိုးတက်နေစေပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# Bye Bye 2008 Promotion

# စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

LUCKY BIRD Co.,Ltd. (Supplier of Computer Needs)၏ Bye Bye 2008 Promotion နှင့် စပ်လျဉ်း၍ စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၃၅၅)ရှိ LUCKY BIRD Center II ၌ ကျင်းပသည်။

ရှေးဦးစွာ LUCKY BIRD Co.,Ltd. မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က Bye Bye 2008 Promotion အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် LUCKY BIRD Co.,Ltd. မှ Service Manager ဦးနေသူရက TOSHIBA AV Notebook Qosmio X 300-Red (New Model) ကို မိတ်ဆက်ရှင်းလင်းပြီး အထွေထွေမန်နေဂျာ ဦးသိန်းစိုးက သရုပ်ပြသသည်။

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းကြရာ LUCKY BIRD Co.,Ltd မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

TOSHIBA AV Notebook Qosmio X 300-Red (New Model) ၏ ထူးခြားချက်မှာ Professional Gamer များအတွက် စွမ်းဆောင်ရည်မြင့်မားစွာ အသုံးပြုနိုင်ပြီး TOSHIBA Projector များတွင် LCD နည်းပညာနှင့် DLP နည်းပညာတို့ဖြင့် ထုတ်လုပ်ထားသော Projector များပါရှိပြီး ဘောလုံးပွဲနှင့် ရုပ်ရှင်ပြသရန်အတွက် အထူးသင့်လျော်သည်။

TOSHIBA Notebook နှင့် Projector များကို International Warranty နှင့် Authorized Service Center တို့၏ ပံ့ပိုးမှုဖြင့် ဈေးနှုန်းသက်သာသော Model များကို ရောင်းချပေးသွားမည်ဖြစ်ပြီး Notebook များ၏ ကုန်ကျစရိတ်သက်သာစေရန် Notebook Warranty သက်တမ်းကို အများဆုံး သုံးနှစ်အထိ ထပ်မံတိုးမြှင့်နိုင်သော Select Serv Program အစီအစဉ်လည်း ပါရှိသည်။

LUCKY BIRD Co.,Ltd. ၏ Bye Bye 2008 Promotion အစီအစဉ်တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ထက်ဝက်လျှော့ချထားသော ဈေးနှုန်း (Up to Half Price Sales) ဖြင့် လည်းကောင်း၊ TOSHIBA Notebook နှင့် Projector များကို ငွေကျပ် ၅၀၀၀၀ လျှော့ဈေးဖြင့် လည်းကောင်း၊ ကွန်ပျူတာတစ်စုံ ဝယ်ယူသူတိုင်းအား ငွေကျပ် ၁၀၀၀၀ လျှော့ဈေးဖြင့်လည်းကောင်း၊Printer နှင့် Scanner များကို လျှော့ဈေးနှုန်းများဖြင့် လည်းကောင်း ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ အမှတ်-(၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ အမှတ်(၅)(၂၆)ဘီလမ်း (၇၈)လမ်းနှင့် (၇၉)လမ်းကြား မန္တလေးမြို့နှင့် အမှတ်(၁၂) ရန်ကုန်-မန္တလေးလမ်း ဆင်ရတနာရွှေ နေပြည်တော်ပျဉ်းမနား၊ ဖုန်း-၀၁-၂၄၈၁၆၇၊ ၀၁-၃၇၉၈၇၅၊ ၀၂-၂၁၅၇၂၊ ၀၆၇-၂၃၁၉၀၊ ၀၉-၅၀၁၁၄၅၀၊ ၀၉-၉၉၂၇၇၂၉၊၀၉-၉၉၂၄၅၄၄၊ ၀၉-၈၀၂၂၀၂၅)တို့ရှိ LUCKY BIRD Co.,Ltd (Supplier of Computer Needs) အရောင်းဆိုင်များ၌ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



**LUCKY BIRD Co.,Ltd. (Supplier of Computer Needs) ၏ Bye Bye 2008 Promotion နှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲတွင် ဒါရိုက်တာ ဒေါ်မေဖြူသွယ် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ နေပြည်တော် ပျဉ်းမနားရပ်ကွက်အသီးသီး၌ စောင့်ရှောက်လျက်ရှိသည့် အဘွားခုနစ်ဦး၏ နေအိမ်များသို့ သွားရောက်၍ အဘွားတစ်ဦးစီအား ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်အသုံးအဆောင်များ၊ မုန့်များနှင့် ငွေတို့ကို ထောက်ပံ့ပေးအပ်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အိမ်တိုင်ရာရောက် ဘိုးဘွားစောင့်ရှောက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများသည် ဒီဇင်ဘာ ၅ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အိမ်တိုင်ရာရောက် ဘိုးဘွားစောင့်ရှောက်ရေးစီမံချက်အရ နေပြည်တော်ပျဉ်းမနား ရပ်ကွက်အသီးသီး၌ စောင့်ရှောက်လျက်ရှိသည့် အဘွားခုနစ်ဦး၏ နေအိမ်များသို့ သွားရောက်၍ အားပေးကြည့်ရှုကာ အဘွားတစ်ဦးစီအား ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်အသုံးအဆောင်များ၊ မုန့်များနှင့် ငွေသား စုစုပေါင်း တန်ဖိုးငွေကျပ် တစ်သိန်းခြောက်သောင်းကို ပေးအပ်လှူဒါန်းပြီး အားပေးစကား ပြောကြားကြသည်။ ထို့အတူ နေပြည်တော်ပျဉ်းမနားမြို့နယ် ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာဝန် ဒေါ်ကျော့သာစိန်က အဆိုပါ အဘွားများ၏ ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပေးခဲ့ပြီး လိုအပ်သည့် ကုသမှုများကို ပြုလုပ်ပေးခဲ့သည်။

ယင်းစီမံချက်အရ နေပြည်တော်ပျဉ်းမနား ရပ်ကွက်အသီးသီးရှိ အဘွား ၁၈ ဦးအား နေပြည်တော် ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် စေတနာ့ဝန်ထမ်း ပြုစုစောင့်ရှောက်သူများက တာဝန်ယူစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မော်လမြိုင် စက်မှုအထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မော်လမြိုင် စက်မှုလက်မှုအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၃ရက်(စနေနေ့)နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ သတ္တမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံစားပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဆရာဦးဉာဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁-၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း-၆၈၃၄၁၉၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁-၆၉၆၂၃၊ ၆၈၀၂၂၆နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၇၇၂၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✡ **ကျောဖုံးမှ**

စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် လယ်ယာ ၁၆၊ လယ်ယာ ၂၂ ထွန်စက်များသာမက ပြင်ပပုဂ္ဂလိကကုမ္ပဏီများလက်ဝယ်ရှိ လက်တွန်းထွန်စက်များကိုပါ တာဝန်ယူစုဆောင်း၍ လေဘေးသင့်ဒေသများသို့ မြေယာပြုပြင်မှု အချိန်မီ ပေးပို့လျက်ရှိသည်။ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၏ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ စေတနာကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းများကြောင့် လယ်ယာကဏ္ဍများ များစွာဖွံ့ဖြိုးတိုးတက်အောင်မြင်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

စာရေးသူသည် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်နှင့်အတူ လယ်ယာမြေဖော်ထုတ်မှုအခြေအနေနှင့် ထွန်ယက်စိုက်ပျိုးရန် စက်ပစ္စည်းများ ပေးပို့ခြင်းများ၊ ဝန်ထမ်းများက လယ်သမားများအား စက်များကိုင်တွယ်မောင်းနှင်ခြင်းများကို သင်ကြားပေးခြင်း၊ ပျက်စီးသောစက်များကို ပြင်ဆင်ခြင်း၊ ကိုယ်တိုင်ကိုယ်ကျမောင်းနှင်ခြင်း၊ လယ်သမားများ၏ စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ခဲ့မှုတို့ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရသည်။ ဧရာဝတီတိုင်းအတွင်း စပါးစိုက်တောင်သူများအဆင်ပြေစေရန် ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းများကြောင့် လယ်သမားများအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။ လေဘေးသင့်မြို့နယ်များ၌ ၂၀၀၈-၂၀၀၉ မိုးရာသီ အချိန်အခါသမယတွင် ကျွဲ၊ နွားများနှင့် ထွန်စက်များကို အချိန်မီစိုက်ပျိုးနိုင်ရန် ပြင်ဆင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် အောင်မြင်မှုရရှိသည်ကို အောက်ပါဇယားများက သက်သေပြနေပေသည်-

နှင့် တစ်ဘီးတပ်ထွန်စက်များကို စုဆောင်းဖြည့်ဆည်းပေးနိုင်ခဲ့သည်။ စက်မှုကိရိယာများ ကွင်းဆင်းထိန်းသိမ်းမှုဆောင်ရွက်ပေးနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများအား လေဘေးဒဏ်ခံကျေးရွာအသီးသီးသို့ စေလွှတ်ပြီးကူညီဆောင်ရွက်ပေးခဲ့သည်။ လေဘေးဒဏ်ခံမြို့နယ် ၁၀ မြို့နယ်တွင် မိုးစပါးစိုက်ပျိုးချိန်မီ စိုက်ပျိုးနိုင်ရန် မြေယာပြုပြင်မှု လုပ်ငန်းများကို စေတနာအပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်သဖြင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းအတွင်းရှိ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ပြည်သူများ၏ အသက်ဆုံးရှုံးခြင်း၊ အိုးအိမ်၊ အဆောက်အအုံများ ပျက်စီးခြင်းနှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုကဲ့သို့ ဆုံးရှုံးမှုများကို ကာမိစေရန် လယ်သမားများ၏ လိုအင်ဆန္ဒနှင့်အညီ ဖြည့်ဆည်းအကောင်အထည်ဖော်နေသည့် လုပ်ငန်းများတွင် စက်မှုလယ်ယာဦးစီးဌာနသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

စာရေးသူသည် လပွတ္တာမြို့ စက်မှုလယ်ယာဦးစီးဌာနမှ လယ်သမားများအား လယ်ထွန်စက်များပေးအပ်သည့်ဌာန သို့ရောက်ရှိရာဝန်ထမ်းများသည် စနစ်ကျခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ ဆရာကောင်းတပည့် ပီသခြင်းများကို တွေ့မြင်ခဲ့ရပါသည်။ တောင်သူလယ်သမားများသည် ရိုးသားကြ၏။ တစ်ဖက်သားများအပေါ် စေတနာထားတတ်ကြသည်။ အလုပ်ကို ကြိုးစားကြသည်၊ သို့ဖြစ်ရာ ယခုအချိန်အခါ သမယတွင် ရိုးသားကြိုးစားစေတနာထားတတ်သည့် လယ်သမားများ ၎င်းတို့ဆောင်ရွက်ခဲ့သော အကျိုးတရားများကို ပြန်လည်ခံစားရခြင်းဖြစ်ပေသည်။

## လေဘေးသင့်မြို့နယ်များ၌ ၂၀၀၈-၂၀၀၉ မိုးရာသီ အချိန်မီစိုက်ပျိုးနိုင်ရန် စက်ဖြင့် ထွန်ယက်မှုနှင့် ကျွဲ၊ နွားဖြင့် ထွန်ယက်မှုအခြေအနေ

| စဉ် | မြို့နယ် | ၂၀၀၈-၂၀၀၉ လျာထား စိုက်ဧက | အမှန်တကယ် စိုက်ပျိုးနိုင်မည့်ဧက | ထွန်ယက်ပြီးဧကလွှာ | | | ထွန်ယက်ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | | | စက်ဖြင့် | ကျွဲနွားဖြင့် | စုစုပေါင်း | |
| | **ဧရာဝတီတိုင်း** | **၁၆၃၀၆၇၂** | **၁၅၃၉၅၉၆** | **၁၁၅၂၅၇၆** | **၄၁၈၉၉၆** | **၁၅၇၁၅၇၂** | **၁၀၂. ၀၈** |
| ၁ | ငပုတော | ၁၀၇၈၆၂ | ၁၀၇၈၂၄ | ၁၀၀၇၈ | ၉၇၇၄၆ | ၁၀၇၈၂၄ | ၁၀၀. ၀၀ |
| ၂ | လပွတ္တာ | ၄၅၈၇၄၈ | ၄၁၆၄၆၄ | ၃၃၈၇၀၆ | ၈၆၄၆၇ | ၄၂၅၁၇၃ | ၁၀၂. ၀၉ |
| ၃ | မော်ကျွန်း | ၂၂၂၈၆၇ | ၂၂၂၂၀၅ | ၁၄၅၀၂၃ | ၇၇၁၈၄ | ၂၂၂၂၀၇ | ၁၀၀. ၀၀ |
| ၄ | ဘိုကလေး | ၃၁၆၉၅၃ | ၂၇၂၀၉၅ | ၂၆၂၄၈၁ | ၃၈၅၅၉ | ၃၀၁၀၄၀ | ၁၁၀. ၆၄ |
| ၅ | ဖျာပုံ | ၂၀၃၈၃၀ | ၂၀၂၇၈၀ | ၁၃၂၉၄၈ | ၆၄၂၂၃ | ၁၉၇၁၇၁ | ၉၇. ၂၃ |
| ၆ | ကျိုက်လတ် | ၁၃၈၂၆၉ | ၁၃၆၄၃၁ | ၁၀၇၉၀၂ | ၂၈၅၂၉ | ၁၃၆၄၃၁ | ၁၀၀. ၀၀ |
| ၇ | ဒေးဒရဲ | ၁၈၂၁၄၃ | ၁၈၁၇၉၇ | ၁၅၅၄၃၈ | ၂၆၂၈၈ | ၁၈၁၇၂၆ | ၉၉. ၉၆ |
| | **ရန်ကုန်တိုင်း** | **၃၄၆၉၂၅** | **၃၄၆၉၂၅** | **၁၆၅၆၆၆** | **၁၈၁၂၅၉** | **၃၄၆၉၂၅** | **၁၀၀. ၀၀** |
| ၁ | ကွမ်းခြံကုန်း | ၁၀၂၁၉၀ | ၁၀၂၁၉၀ | ၆၃၈၀၈ | ၃၈၃၈၂ | ၁၀၂၁၉၀ | ၁၀၀. ၀၀ |
| ၂ | ကော့မှူး | ၈၈၂၆၅ | ၈၈၂၆၅ | ၄၄၀၀၈ | ၄၄၂၅၇ | ၈၈၂၆၅ | ၁၀၀. ၀၀ |
| ၃ | ကျောက်တန်း | ၁၅၆၄၇၀ | ၁၅၆၄၇၀ | ၅၇၈၅၀ | ၉၈၆၂၀ | ၁၅၆၄၇၀ | ၁၀၀. ၀၀ |
| | စုစုပေါင်း | ၁၉၇၇၅၉၇ | ၁၈၈၆၅၂၁ | ၁၃၁၈၂၄၂ | ၆၀၀၂၅၅ | ၁၉၁၈၄၉၇ | ၁၀၁. ၆၉ |

စက်မှုလယ်ယာဦးစီးဌာနသည် လေဘေးသင့်ဒေသများတွင် လက်တွန်းထွန်စက် အမြောက်အမြားနှင့် ဝန်ထမ်းအင်အား အမြောက်အမြား ဖြည့်ဆည်းပေးနိုင်ခြင်း၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ အင်းကုန်း၊ ရွှာသာကြီး၊ ကျိုက္ကလို့၊ ကျောက်ဆည်မြို့ရှိ စက်ရုံများမှ စက်ပစ္စည်းများနှင့် ဝန်ထမ်းများ အပြည့်အဝသုံး၍ ရန်ကုန်မြို့မှတစ်ဆင့် ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် အမြန်ဆုံးပို့နိုင်ခဲ့ခြင်းများကြောင့် အောင်မြင်ခဲ့ခြင်းများဖြစ်ပေသည်။

စက်မှုလယ်ယာဦးစီးဌာနသည် လေဘေးဒဏ်ခံဒေသများအတွက် လိုအပ်သည့် လက်တွန်းထွန်စက်များကို အမြန်ဆုံး ဖြည့်ဆည်းနိုင်ရေးအတွက် ဌာနပိုင် လက်တွန်းထွန်စက်များအပြင် ပြည်တွင်းရှိ ပုဂ္ဂလိကအရောင်းဆိုင်များမှ လက်ဝယ်ရှိ လက်တွန်းထွန်စက်များကို စုဆောင်း၍ အမြန်ဆုံး ပေးပို့နိုင်ရန် ကုမ္ပဏီခြောက်ခုမှ နှစ်ဘီးတပ်လက်တွန်းထွန်စက်

လေဘေးသင့်မြို့နယ်များ၌ ၂၀၀၈-၂၀၀၉ မိုးရာသီအချိန်မီစိုက်ပျိုးနိုင်ရန် စက်ဖြင့်ထွန်ယက်မှုနှင့် ကျွဲ၊ နွားများဖြင့် ထွန်ယက်မှုအခြေအနေများ၊ အောင်မြင်ဖြစ်ထွန်းစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် သက်ဆိုင်ရာ ဝန်ကြီး၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းများကြောင့် မိုးရာသီကာလတွင် လယ်ယာများကို အချိန်မီ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သော စက်မှုလယ်ယာဦးစီးဌာနအား များစွာကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။



**လယ်ယာများကို အချိန်မီ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေရန် တောင်သူလယ်သမားများထံ ပေးပို့သည့် လယ်ယာသုံး လက်တွန်း ထွန်စက်များအား တွေ့ရစဉ်။**

❍ **ဆယ်စုနှစ်မှ**

၁၉၉၀ပြည့်လွန် ဆယ်စုနှစ်သည် ၁၈၅၀ပြည့်နှစ်နောက်ပိုင်း အပူအနွေးဆုံး ဆယ်စုနှစ်ဖြစ်ကြောင်း၊ ယင်းဆယ်စုနှစ်တွင် ၁၉၉၈ခုနှစ်သည် ၁၉၆၁-၁၉၉၀ခုနှစ် ပျမ်းမျှ အပူချိန်၏ အထက် ၀ ဒသမ ၅၅ဆဲလ်စီးယပ်စ်တွင်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၁၉၉၀ပြည့်လွန်ဆယ်စုနှစ်၏ ပျမ်းမျှအပူချိန်သည် ၂၀၀၁-၂၀၀၇ခုနှစ် ကာလကထက် အပူချိန် ၀ ဒသမ ၂၁ဆဲလ်စီးယပ်စ် ပိုမိုလျော့ကျသွားကြောင်း၊ ဖော်ပြပါကာလတွင် ၂၀၀၈ခုနှစ်မပါဝင်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် သစ်ပင်များ၊ သန္တာကျောက်တန်းများ၊ ရေခဲမြစ် အူတိုင်များနှင့် မှတ်တမ်းများကို အခြေခံကာ ရာသီဥတုပြောင်းလဲမှု အခြေအနေကို လေ့လာခဲ့ကြသည်။

၁၉၉၈ခုနှစ်သည် ထောင်စုနှစ်အတွင်း အပူအနွေးဆုံးနှစ်ဖြစ်ကြောင်း၊ ၁၆၀၁ခုနှစ်မှာမူ ထောင်စုနှစ်တွင် အအေးဆုံးနှစ်ဖြစ်ကြောင်း အဆိုပါလေ့လာချက်တွင် ဖော်ပြသည်။

***အင်တာနက်။***

## ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

၁၉၆၈ခုနှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၀ရက်(စနေနေ့) နံနက် ၈နာရီတွင် မြန်မာနိုင်ငံဆရာဝန်များ အသင်း၌ ကျင်းပမည်ဖြစ်သည်။

၁၉၆၈ခုနှစ် စာသင်နှစ်တွင် ဆေးတက္ကသိုလ်(၁)၌ တွေ့ဆုံခဲ့ကြသည့် သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဒေါက်တာမြင့်သိန်း ဖုန်း-၀၉ ၈၀၂၂၇၃၃၊ ဒေါက်တာတင်မင်း ဖုန်း-၀၉ ၅၀၀၅၁၃၁၊ ဒေါက်တာ သိန်းစော ဖုန်း-၀၉ ၅၁၉၇၇၂၀၊ ဒေါက်တာ သိန်းဇော် ဖုန်း-၀၉ ၈၀၃၄၂၁၉၊ ဒေါက်တာ ခင်မြတ်နွယ် ဖုန်း-၀၉ ၅၀၀၂၀၃၇၊ ဒေါက်တာမာမာအောင် ဖုန်း-၀၁-၅၁၀၀၄၀၊ ဒေါက်တာ ခင်မောင်အေး ဖုန်း-၀၁-၅၅၈၄၃၅၊ ၀၉၈၀၂၀၂၁၂နှင့် ဒေါက်တာဌေးဝင်း ဖုန်း-၀၁-၅၅၄၈၆၄၊ ၀၉ ၅၁၇၆၅၃၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

✿ **ငှက်ဖျားမှ**

သေဆုံးရကြောင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေး အစီအစဉ် ညွှန်ကြားရေးမှူး ဒေါက်တာ ခရစ်ရှန်လပ်ကပြောကြားသည်။

ကမ္ဘာပေါ်တွင် လူအသေအပျောက် အများဆုံးဖြစ်စေသော ငှက်ဖျားရောဂါအတွက် အစွမ်းထက်မြက်သော ကာကွယ်ဆေးရှိသင့်ကြောင်း ၎င်းကပြောကြားသည်။

အာတီအက်စ်အက်စ်ဟု အမည်ပေးထားသော ငှက်ဖျားရောဂါ ကာကွယ်ဆေးကို ဒုတိယအကြိမ် စမ်းသပ်ခြင်းဖြစ်ပြီး နောက်ထပ်စမ်းသပ်သွားမည်ဖြစ်ကြောင်း၊ မွေးကင်းစကလေးများနှင့် လေးဖက်သွား ကလေးများအပါအဝင် အလွန်ငယ်ရွယ်သည့် ကလေးများကို ငှက်ဖျားရောဂါ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယူနိုက်တက်ကင်းဒမ်း အခြေစိုက် ဂလပ်ဇိုစမစ်ကလိုင်းကုမ္ပဏီသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်ပြီး ဆေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ငှက်ဖျားရောဂါကာကွယ်ဆေးစမ်းသပ်မှုဆိုင်ရာ လေ့လာတွေ့ရှိချက်များကို ဒီဇင်ဘာ ၈ရက်ထုတ် နယူးအင်္ဂလန် ဆေးပညာဂျာနယ်တွင် ဖော်ပြသည်။

တန်ဇန်းနီးယားနိုင်ငံတွင် အသက်တစ်နှစ်အောက်ကလေး ၃၄၀ကို ငှက်ဖျားရောဂါ ကာကွယ်ဆေး ထိုးပေးခဲ့ကြောင်း၊ ဒုတိယအကြိမ် လေ့လာချက်အရ ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့ရှိ ၁၇လသားအရွယ်မှ အသက်ငါးနှစ်ရှိ ကလေးသူငယ် ၈၉၄ဦးကို ယင်းကာကွယ်ဆေးထိုးကာစမ်းသပ်ခဲ့ကြောင်း ငှက်ဖျားရောဂါ ကူးစက်ခံရမှု ၆၅ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်းသိရသည်။ ***အင်တာနက်။***

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၂-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်း သတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၅ ၅။ အကပဒေသာ
၈း၁၀ ၆။ **“အသက်ကလေးရယ်တဲ့ ရှည်စေလို” (ဦးအောင်လွင်၊ ကြည်စိုး၊ မေထွေးခေါင်) (ဒါရိုက်တာ-ကြည်စိုး)**
၈း၃၀ ၇။ International News
၈း၄၅ ၈။ တေးဂီတအစီအစဉ်
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ နားဝင်ပီယံသူ့လက်သံ
၄း၃၅ ၄။ **“ငှက်တစ်သောင်း” (ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့်) (ဒါရိုက်တာ-မောင်သီ)**
၄း၅၀ ၅။ အဆိုပြိုင်ပွဲ
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သမိုင်းအထူးပြု)(သမိုင်း)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆း၅၀ ၁၄။ မူပိုင်ဟန်သွယ်သွယ်ဆိုကြမယ်
၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မုန်တိုင်း” (အပိုင်း -၃၃)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ ပင်လယ်ပျော်မင်းသား” (အပိုင်း -၅၃)**
၂၀။ အစီအစဉ်ပြီး၏။

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲနေ့ဖြစ်သည်။

**၂၀၀၈ ခုနှစ် ဒီဇင်ဘာလ အတွက်**

**(၁၄-၁၂-၂၀၀၈) ရက်နေ့**

**နှင့်**

**(၂၈-၁၂-၂၀၀၈) ရက်နေ့**

**ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**





# ရတနာပုံမြို့သစ်(မြောက်ပိုင်း)ကိုယ်ပိုင်အိမ်ရာစီမံကိန်း ဆောင်ရွက်နေမှုလုပ်ငန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ လှည့်လည်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၀

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ကော်မတီဝင်ဦးမြင့်သိန်းနှင့် ဌာနမှူးများ လိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့အရှေ့ဘက် ၂၉ မိုင်အကွာ မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေး သုံးတောင်ရွာအနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရတနာပုံမြို့သစ်(မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးရှိ ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာစီမံကိန်း အဝင်လမ်းမကြီး ဖောက်လုပ်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက လမ်းအကျယ် ပေ ၁၀၀၊ အရှည်ပေ ၃၆၀၀ ရှိ လမ်းမကြီး ဖောက်လုပ်မှုလုပ်ငန်းခွင် မြေသားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စက်ယန္တရားကြီးများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံမြို့သစ်(မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာ စီမံကိန်းနယ်မြေ ရေလုံလောက်စွာ ရရှိရေးအတွက် သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးက တည်ဆောက်မည့်ပုံစံ၊ ရေပိုက်လိုင်းသွယ်တန်းမှုနှင့် ရေနုတ်မြောင်းစနစ် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသော အဆိုပါ ရတနာပုံမြို့သစ်(မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာ စီမံကိန်းတွင် မြေဧရိယာ ၁၃၃ ဧကကို ပေ ၁၀၀ ပတ်လည်၊ ပေ ၁၂၀ ပတ်လည် အကွက်ချပြီး အပိုင်းနှစ်ပိုင်းခွဲခြားကာ နှစ်ထပ်အိမ်ပုံစံ ၂၁ မျိုး၊ တစ်ထပ်အိမ်ပုံစံ ၂၁ မျိုး ပုံစံထုတ်ကာ ခေတ်မီ၍ မြို့ပြအင်္ဂါရပ်နှင့်အညီ ပြည့်စုံစွာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၆၉)

## ကြေးမုံ The Mirror သတင်းအတိုအထွာ

### ကျန်းမာရေးပညာပေးဟောပြော၊ အခမဲ့ဆေးဝါးကုသ

မြစ်သားမြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသည် အောက်တိုဘာ ၂၄ ရက်က ရစ်ကန် ကျေးရွာ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ငွေ ဦးဆောင်သော အဖွဲ့သည် ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ အခမဲ့ဆေးဝါးကုသခြင်း၊ ဓာတ်ခွဲစစ်ဆေးပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

### ဟိုပင်မြို့၌ ကျောက်ချောလမ်းခင်း

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကုန်သည်လမ်း ကျောက်ချောခင်းနေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးသိန်းထူးနှင့် အင်ဂျင်နီယာဦးဌေးမြင့်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

### ပြည်တော်သာလမ်း ကျောက်ချောခင်း

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မြို့သစ်မြို့နယ် ပြည်တော်သာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးမင်းစိုးနှင့် မြို့နယ်ခွဲ တာဝန်ခံ ဦးတင့်လွင်တို့ လုပ်ငန်းဆောင်ရွက်ရာသို့ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော် လာရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

### မြောင်မြို့ ကျေးလက်မြေသားလမ်း ပြင်ဆင်မွမ်းမံ

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်လမ်းများကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်က မကျီးဘုတ်-တွင်းကြီး ကျေးလက်မြေသားလမ်း ပြုပြင်မွမ်းမံခြင်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ဆန်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## ကြေးမုံ The Mirror ပြည်တွင်း အားကစားသတင်း

### အာရှအလွတ်တန်း မြားပစ်ပြိုင်ပွဲ ကျင်းပရေးညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှအလွတ်တန်း Compound မြားပစ်ပြိုင်ပွဲ ကျင်းပရေးအတွက် အုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပရာ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil၊ အတွင်းရေးမှူး Mr. Um Sung-Ho၊ အရှေ့တောင်အာရှ မြားပစ် အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး Mr. Simon Wee နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး အား/ကာနှင့် အမှုဆောင်များ၊ ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ဂျူရီလူကြီးများနှင့် ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲဝင် အသင်းများအား မိတ်ဆက်ပေးသည်။

ထို့နောက် ပထမအကြိမ် အာရှအလွတ်တန်း Compound မြားပစ်ပြိုင်ပွဲ ကျင်းပရေးစီမံခန့်ခွဲသူ Mr. Sanguan Kosavinta (ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်)က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဂျူရီဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil (ဒုတိယဥက္ကဋ္ဌ၊ အာရှမြားပစ်အဖွဲ့ချုပ်)နှင့် ဒိုင်လူကြီး ဥက္ကဋ္ဌ ဒေါက်တာမြတ်သူရစိုး(မြန်မာ)တို့က ပြိုင်ပွဲတွင် ကျင့်သုံးမည့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



**မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ) ပြိုင်ပွဲအတွက် စီစဉ်ထားရှိမှုများအား ရှင်းလင်းပြောကြားစဉ်။**

ယင်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)က ပြိုင်ပွဲအား ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများအား ရှင်းလင်းပြောကြားသည်။

**အခမဲ့ကြည့်ရှုအားပေးနိုင်**

၂၀၀၈ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှအလွတ်တန်း Compound မြားပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို အိမ်ရှင်မြန်မာအပါအဝင် အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ ထိုင်းနှင့် သီရိလင်္ကာ စုစုပေါင်းခြောက်နိုင်ငံမှ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး၊ ကစားသမား ၂၇ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၁ ရက်တွင် ပထမနေ့ ပွဲစဉ်များအဖြစ် မီတာ ၇၀၊ မြား ၇၂ ချောင်း အမှတ်ပေး အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြားပစ်အားကစား ဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

### အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ တတိယနေရာနှင့် အုပ်စုနောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ တတိယနေရာလုပွဲများနှင့် အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက် နံနက်၈နာရီမှစ၍ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီး အသက်၂၀ အောက် အုပ်စုပတ်လည် နောက်ဆုံးပွဲများတွင် မန္တလေးအသင်းက Precious အသင်းကို (၅၁-၃၁)မှတ်၊ စက်မှု(၁)အသင်းက မိုးကုတ်အသင်းကို (၉၁-၃၂)မှတ်၊ အသက် ၄၀ နှစ်အထက်ပြိုင်ပွဲတွင် မန္တလေးအသင်းက ရန်ကုန်(က)အသင်းကို (၈၅-၅၅)မှတ်တို့ဖြင့် အနိုင်ရရှိသွားသည်။ အမျိုးသား အသက်(၂၀)အောက် တတိယလုပွဲတွင် Furious အသင်းက မိုးကုတ်အသင်းကို(၅၃-၅၁)မှတ်၊ အမျိုးသားအလွတ်တန်း တတိယလုပွဲတွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းက React အသင်းကို (၉၁-၄၇)မှတ်တို့ဖြင့် အနိုင်ရရှိသွားပြီး တတိယဆု ရရှိသွားသည်။

ဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် Fox အသင်းနှင့် MB.Fအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် လယ်/ဆည်နှင့် စက်မှု(၁)၊ အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲတွင် D.G.H အသင်းနှင့် I.S.M အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် စက်မှု(၁) အသင်းနှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(ကြေးမုံ)



**အမျိုးသား အလွတ်တန်း တတိယ နေရာလုပွဲတွင် တနင်္သာရီ ရေတပ်စခန်းဌာနချုပ်အသင်းနှင့် React အသင်းတို့ ယှဉ်ပြိုင်စဉ်။**

အတည်ပြုချိန် ၁၂း၄၀

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် (ကျောက်ပြား)များအားလှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် (၁၃၇၀)ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့် အချိန်နှင့်ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

**လှူဒါန်းနိုင်**

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) ရွှေပြား(၁ပေ×၁ပေ) | ၂၉၆၄ ချပ် | ၁ ချပ် | ၁၆၂၀၀၀၀/- နှုန်း |
| (၂) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ) | ၂၂၈၁၉ ချပ် | ၁ ချပ် | ၂၂၀၀၀/- နှုန်း |
| (၃) စကျင်ကျောက်(၂ပေ×၂ပေ) | ၁၀၀၈၈၉ ချပ် | ၁ ချပ် | ၁၃၀၀၀/- နှုန်း |
| (၄) မြစ်သားကျောက်(၂ပေ×၂ပေ) | ၂၄၇၈၆ ချပ် | ၁ ချပ် | ၁၃၀၀၀/- နှုန်း |

**ဆက်သွယ်နိုင်**

လှူဒါန်းလိုသူများသည် "ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ" အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## ရေစကြို ဗလဗ/အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မကွေးတိုင်း ရေစကြိုမြို့နယ် ဗလဗရွာ အခြေခံပညာ အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဗလဗကျောင်းသား၊ ကျောင်းသူ (အဟောင်း၊ အသစ်)များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ခေါ်ထားသည်။

အဆိုပါပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေ ထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများသည် ရန်ကုန်မြို့၌ ဦးမျိုးဆင့် (ရှင်မတောင်စာပေ) ဖုန်း-၃၈၆၆၁၇၊ ၀၉၉၉၇၂၂၂၊ ဦးဝင်းသန်းဦး (ကထိက၊ မြန်မာစာ)ဖုန်း-၅၀၂၈၈၄၊ မန္တလေးမြို့၌ ဦးခင်မောင်ရင် ဖုန်း-၀၉၂၀၂၃၂၇၀၊ ဦးခိုင်မင်း ဖုန်း-၀၉၂၀၁၅၅၁၄၊ ပခုက္ကူမြို့၌ ဦးအေးကို ဖုန်း-၀၉၂၃၀၁၆၈၄၊ ဦးအောင်ဆန်းဦး ဖုန်း-၀၉၂၃၀၁၆၂၀၊ ဦးဇော်မြင့် ဖုန်း-၀၉၂၃၀၀၈၈၃၊ ဦးစိန်လွင် ဖုန်း-၀၉၂၃၀၀၆၇၈၊ မြင်းခြံမြို့၌ ဦးကျော်နိုင်မြင့် ဖုန်း-၀၆၆-၂၂၇၉၄၊ အထက ဗလဗ၌ ဦးထွန်းမြင့်အောင် ဖုန်း-၀၆၂-၂၁၉၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြောက်ပိုင်းဒေသ ညအပူချိန်များ အနည်းငယ်လျော့နိုင်

ရန်ကုန် ဒီဇင်ဘာ ၁၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မန္တလေးတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၂ဒီဂရီ စင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၁၁ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) | ၉-၁၂-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၁၆ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၂ ဒီဂရီဖာရင်ဟိုက်) | ၁၀-၁၂-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၂ ရာခိုင်နှုန်း | ၁၀-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၈ ဒသမ ၆ နာရီခန့် | ၉-၁၂-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၀-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂ မမ | ၃၅၈၀ မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃၁လက်မ) | (၁၂၀ဒသမ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၁၂-၂၀၀၈ရက် ၁၂း၃၀ နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီငါးမိုင်နှုန်း တိုက်ခတ်သည်။

## ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ် ပထမနေ့ပွဲစဉ်များပြီးဆုံး

### လီဗာပူး၊ ဘာစီလိုနာ၊ ရိုးမားနှင့် ပင်နာသီယာကော့စ်တို့ အုပ်စုပိုလ်ဖြင့်တက်

လန်ဒန် ဒီဇင်ဘာ ၁၀

**ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ် ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ ပထမနေ့ အုပ်စုပွဲစဉ်များ အပြီးတွင် လီဗာပူး၊ ဘာစီလိုနာ၊ ရိုးမားနှင့် ပင်နာသီယာကော့စ်တို့မှာ အုပ်စုပိုလ်များဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ပြီး ချယ်လ်ဆီး၊ အက်သလက်တီကို၊ အင်တာမီလန်နှင့် စပို့တင်းလစ္စဘွန်းတို့မှာ အုပ်စုဒုတိယဖြင့်သာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။**

**အုပ်စု(က)**တွင် ရိုးမားမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် ၁၂မှတ်ဖြင့် အုပ်စုပိုလ်၊ ချယ်လ်ဆီးမှာသုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၁မှတ်ရရှိကာ အုပ်စုဒုတိယဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ဤအုပ်စုတွင် ရမှတ်ခုနစ်မှတ်ရရှိသည့် ဘော်ဒိုးမှာ ယူအီးအက်ဖ်အေ ဝင်ခွင့်ရရှိကာ ရိုမေးနီးယားကလပ် ကလုချ်မှာ ဤအဆင့်ဖြင့်သာကျေနပ်ခဲ့ရသည်။

**အုပ်စု(ခ)**တွင် ဂရိကလပ် ပင်နာသီယာကော့စ်မှ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပိုလ်၊ မော်ရင်ဟို၏ နာမည်ကြီး အင်တာမီလန်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ရှစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်တက်နိုင်ခဲ့သည်။ ဂျာမနီကလပ် ဝါဒါဘရီမင်မှာ ခုနစ်မှတ်သာ ရရှိခြင်းကြောင့် ယူအီးအက်ဖ်အေသို့သာ လှမ်းခဲ့ရပြီး အနာသိုဆစ်မှာ ဥရောပပြိုင်ပွဲများကို ဤအဆင့်ဖြင့်သာ နှုတ်ဆက်ခဲ့ရသည်။

**အုပ်စု(ဂ)**တွင် နာမည်ကြီး ဘာစီလိုနာမှာ အုပ်စုပြိုင်ပွဲများ မပြီးဆုံးမီမှာပင် ရမှတ် ၁၃မှတ်ဖြင့် အုပ်စုပိုလ်ရရှိကာ နောက်တစ်ဆင့်တက်ပြီးဖြစ်သည်။ ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းမှာ လေးပွဲနိုင် နှစ်ပွဲရှုံး ၁၂မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။ ဤအုပ်စုမှာ ယူအီးအက်ဖ်အေ သွားခွင့်ရရှိသည့် အသင်းမှာ ရမှတ်ကိုးမှတ် ရရှိသည့် ယူကရိန်းကလပ် ရှက်တာဒိုးနက်ဖြစ်သည်။ ဆွစ်ဇာလန်ကလပ်ဘေဆယ်မှာ ဤအုပ်စု၏အဖြည့်ခံသက်သက်သာ ဖြစ်ခဲ့ရသည်။

**အုပ်စု(ဃ)**တွင် လီဗာပူးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၁၄ မှတ်ဖြင့် အုပ်စုပိုလ်၊ အက်သလက်တီကိုမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ ရမှတ် ၁၂ မှတ် ရရှိကာ အုပ်စုဒုတိယဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ပြင်သစ်ကလပ် မာဆေးလ်မှာ ရမှတ်လေးမှတ်ဖြင့် ယူအီးအက်ဖ်အေသို့ သွားခွင့်ရရှိကာ ပော်လန်ကလပ် ပီအက်စ်ဗွီမှာ ဤအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပြီဖြစ်သည်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက်တွင် ရေးဆွဲမည်ဖြစ်ပြီး ပထမအကျော့ရှုံးထွက်ပွဲစဉ်များကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၄၊ ၂၅ ရက်နှင့် ဒုတိယအကျော့ ရှုံးထွက်ပွဲစဉ်များကို မတ် ၁၀၊ ၁၁ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းတင်(ကြေးမုံ)**

**ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၆) ပထမနေ့ပွဲစဉ်များရလဒ်**

| | | |
|---|---|---|
| ချယ်လ်ဆီး | ၂-၁ | ကလုချ် |
| ရိုးမား | ၂-၀ | ဘော်ဒိုး |
| ပင်နာသီယာကော့စ် | ၁-၀ | အနာသိုဆစ် |
| ဝါဒါဘရီမင် | ၂-၁ | အင်တာမီလန် |
| ဘေဆယ် | ၀-၁ | စပို့တင်းလစ္စဘွန်း |
| ဘာစီလိုနာ | ၂-၃ | ရှက်တာဒိုးနက် |
| ပီအက်စ်ဗွီ | ၁-၃ | လီဗာပူး |
| မာဆေးလ် | ၀-၀ | အက်သလက်တီကို |



၂၀၀၈ ခုနှစ်လူသစ်တန်းနှင့် အမျိုးသားတံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် အလှူငွေပေးအပ်ပွဲ၌ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) ဦးကျော်စိုးမြင့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

## ၂၀၀၈ ခုနှစ် လူသစ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နှင့် မန္တလေးတိုင်း အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်း၍ ၂၀၀၈ခုနှစ် လူသစ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲတို့ကို နိုဝင်ဘာ ၂၈ရက်မှ ၃၀ရက်အထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၉နာရီတွင်ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒိုအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ အလှူရှင် ၂၇ဦးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ အားကစား ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်နှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကာ ပထမနေ့ ပြိုင်ပွဲများကို စတင်ကျင်းပသည်။

နိုဝင်ဘာ ၃၀ရက် နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အားကစား ဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က ပွဲစဉ်အလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသော မောင်ဝမ်းကိုကိုဦးနှင့် မသင်းသင်းသူဇာ (သစ်တောရေးရာဝန်ကြီးဌာန)တို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော သစ်တောရေးရာ ဝန်ကြီးဌာန အမျိုးသား၊ အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်၍ ကျန်ဆုများကို တာဝန်ရှိသူများက အလှည့်ကျပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လက်ပံတန်းမြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

လက်ပံတန်းမြို့ အထက(၁)၊ အထက(၂)၊ အလကကျောင်းများ၌ ပညာသင်ကြားပေးခဲ့ကြပြီး အငြိမ်းစားယူသွားကြသော အသက်(၇၀)နှင့်အထက် ကျေးဇူးရှင် ဆရာကြီး၊ဆရာမကြီး ၆၃ ဦးတို့အား ဒီဇင်ဘာ ၂၇ရက် (စနေနေ့) နံနက် ၉နာရီတွင် လက်ပံတန်းမြို့ အထက(၁) နဝဒေးခန်းမ၌ (၁၆)ကြိမ်မြောက် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်အားလုံး တက်ရောက်ကြရန်နှင့် ဆရာကန်တော့ပွဲသို့လိုက်ပါလိုသူများနှင့် အလှူငွေ ထည့်ဝင်လိုသူများအနေဖြင့် ဒေါ်စန်းနွဲ့ ဖုန်း-၀၁-၆၆၄၆၁၇၊ ဦးတင့်လွင် ဖုန်း-၀၁-၂၉၁၄၆၃၊ ၀၁-၂၀၀၆၆၃၊ ဒေါ်ခင်သစ်ဆွေ ဖုန်း-၀၁-၆၄၂၆၇၉၊ ဦးမောင်မောင်(ရောင်နီဦးမိတ္တူ) ဖုန်း-၀၅၃-၃၂၁၆၅၊ ဦးမြင့်ဝေ ဖုန်း-၀၅၃-၃၂၁၂၃၊ ဦးမောင်မောင်ဌေး(ကန်တစ်ရာ) ဖုန်း-၀၅၃-၃၂၀၆၅၊ ဦးမြင့်စိုး ဖုန်း-၀၅၃-၃၂၁၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မာလာဟောဝန်မြိုင်ပန်းခြံအတွင်း ကွန်ကရစ်လျှောက်လမ်း အရှည်ပေ ၅၇၀၊ အကျယ် ရှစ်ပေခင်းခြင်း လုပ်ငန်းအား အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးလေးလွင် သွားရောက်စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာ ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)

# စိုက်ပျိုးထုတ်လုပ်မှု ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် စက်မှုလယ်ယာ



**ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝရေမြေသယံဇာတများ ပေါများကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။ နိုင်ငံတော်အစိုးရက ကြွယ်ဝသော သယံဇာတများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်အတွက် တောင်သူလယ်သမားများကို ပံ့ပိုးကူညီပေးသည်။ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးကဏ္ဍမြင့်မားရေးနှင့်အတူ စက်မှုကဏ္ဍတိုးတက်ရေးတို့ကိုပါ ဆောင်ရွက်ခဲ့ရာ ယခုအခါ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။**

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍတွင် တောင်သူလယ်သမားများ၏အကျိုးကို ရှေးရှုလျက် သုံးစွဲသူများကျေနပ်မှုရှိစေရန် ဆောင်ရွက်ပေးလျက်ရှိရာ စက်မှုလယ်ယာလုပ်ငန်းက စေတနာအပြည့်အဝဖြင့် ဆောင်ရွက်လုပ်ကိုင်ပေးနေသည်ကို တွေ့မြင်ခဲ့ရသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် **"စက်မှုစွမ်းအားခေတ်ကျော်လွှား"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စက်မှုလုပ်ငန်းများ တစ်ဟုန်ထိုးတိုးတက်လာအောင် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။ လယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများကိုလည်း လိုအပ်သောအကူအညီများပေးကာ အားပေးဆောင်ရွက်လျက်ရှိပေသည်။

စာရေးသူသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလေ့လာရန် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ ရောက်ရှိခဲ့သည်။ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်မှုဆောင်ရွက်ရန်၊ အခက်အခဲများဖြစ်ပေါ်မှုမရှိစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်

## မောင်တင်လှိုင် (ဟိုတယ်/ခရီး)

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✡

ကြေးမုံ The Mirror ရာသီဥတု သိပ္ပံသတင်း

## ဆယ်စုနှစ်၏ အအေးဆုံးနှစ် ၂၀၀၈ ခုနှစ်ကို သတ်မှတ်

**ဘာသာပြန်-တက်လူ**

**နေ၁ဝစ်ချ် ဒီဇင်ဘာ ၁၀**

၂၀၀၈ခုနှစ်သည် ယခု ဆယ်စုနှစ်အတွင်း အအေးဆုံးနှစ်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ အကျုံးဝင်သော နှစ်များ၏ ပျှမ်းမျှအပူချိန်အောက် ဆဲလ်စီးယပ်စ် ၀ ဒသမ ၁၄ ဒီဂရီ လျော့ကျသွားကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

၂၀၀၈ခုနှစ်သည် ဆယ်စုနှစ်၏ အအေးဆုံးနှစ် ဖြစ်သည့်တိုင်အောင် မှတ်တမ်းများအရ ဒသမ မြောက် အပူအနွေးဆုံးနှစ် ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပိုမိုအေးမြလာခြင်းသည် လာမည့်နှစ်များ၌ အလားတူ ပိုမိုအေးမြလာမည်ဟု ဟောကိန်းထုတ်၍ မရနိုင်ကြောင်း အိစ်အင်ဂလီယာ တက္ကသိုလ်မှ ရာသီဥတု သုတေသနအဖွဲ့က ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှု ပြဿနာကို နိုင်ငံများ ဆက်လက်တွေ့ကြုံနေရမည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ◯

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror အင်တာနက် ဆေးသိပ္ပံသတင်း

## ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ် စမ်းသပ်လေ့လာမှုများ အောင်မြင်

**ဘာသာပြန် ရောမောင်**

အောက်စ်ဖို့ ဒီဇင်ဘာ ၁၀

**ငှက်ဖျားရောဂါ ကာကွယ်ဆေး၏ အစွမ်းထက်မှုအတိုင်းအတာကို သိရှိနိုင်ရန် အာဖရိကတိုက်ရှိ ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့တွင် သီးခြားစီ စမ်းသပ်မှုများပြုလုပ်ခဲ့ရာ၌ အောင်မြင်မှုရရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ်သည် အလွန်ငယ်ရွယ်သော ကလေးငယ် ၆၅ ရာခိုင်နှုန်းအထိကို ယင်းရောဂါကူးစက်ခံရခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း ဂလပ်ဇိုစမစ်ကလိုင်း ကုမ္ပဏီကပြောကြားသည်။ အဆိုပါကုမ္ပဏီသည် ငှက်ဖျားရောဂါ ကာကွယ်ဆေးကို ထုတ်လုပ်ထားသော ကုမ္ပဏီဖြစ်သည်။

နှစ်စဉ် ငှက်ဖျားရောဂါဖြစ်ပွားမှုကြောင့် အာဖရိကတိုက်ရှိ ကလေးငယ် အများစုဖြစ်သော လူတစ်သန်းနီးပါး

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ❁

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်းသန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ကြေးမုံ The Mirror သတင်း၊ ဆောင်းပါးအညွှန်း ကြေးမုံ The Mirror



အမေရိကန် တိုက်လေယာဉ် ပျက်ကျ လေးဦး သေဆုံး

နိုင်ငံတကာသတင်း စာမျက်နှာ ၅



"ကလောမြို့နေ ပြည်သူများအတွက် သဘာဝ ရေထွက်များနှင့် ရေအေးကန်"

ကိုတင်လှိုင်(မိတ္ထီလာ)၏ ဆောင်းပါး စာမျက်နှာ ၇

ချန်ပီယံလိဂ် အုပ်စု နောက်ဆုံးပွဲစဉ် ပထမနေ့ ပွဲစဉ်များ

အားကစားသတင်း စာမျက်နှာ ၁၁